ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ ကြာသပတေးနေ့၊ (21-12-2006) (၅၁၇၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သီရိလင်္ကာဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ်ခရမ် မာနာရာကာနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော်　　ဒီဇင်ဘာ　　၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘောခရီး လည်ပတ်ရန် ရောက်ရှိနေသော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ်ခရမ် မာနာရာကာခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ်ခရမ် မာနာရာကာခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. P. A. D Samarasekera လည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ်ခရမ် မာနာရာကာအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ်ခရမ် မာနာရာကာအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၁-၁၂-၂၀၀၆
(ကြာသပတေးနေ့)

နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတိုးမြှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်

မြန်မာနှင့် တရုတ်နိုင်ငံတို့သည် ၁၉၅၀ ပြည့်နှစ်မှစ၍ သံတမန်ဆက်သွယ်ခဲ့ပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဖြင့် ဆက်ဆံလျက်ရှိသည်။ ကုန်သွယ်မှုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားဖြစ်သည်နှင့်အညီ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်တို့ကို ချုပ်ဆို၍ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ရှိ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ဒီဇင်ဘာလ ၁၈ ရက်နေ့မှစတင်၍ ခင်းကျင်းပြသလျက်ရှိသည်။ အဆိုပါပြပွဲ၌ နှစ်နိုင်ငံ ကုန်စည်ပြခန်းပေါင်း ၂၀၀ ကျော်တွင် ဒေသထွက် ပဲ၊ ပြောင်း၊ သစ်သီးဝလံများအပါအဝင် ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ လယ်ယာထွက်ကုန်များ၊ ကျောက်မျက်ရတနာများ၊ စက်မှုဇုန်များမှ ထုတ်လုပ်သော လူသုံးအိမ်သုံးပစ္စည်းများကို ပြသထားသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကြီးကို ယခုနှစ်ဧပြီလက စတင်ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံ၌ ပထမဆုံးနှင့် အကြီးဆုံးကုန်သွယ်ရေးဇုန်ဖြစ်သည်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးသည် ယခုအခါ တိုးတက်အောင်မြင်လျက်ရှိပြီး ရာခိုင်နှုန်း ၇၀ ခန့်မှာ ပုံမှန်ကုန်သွယ်ရေးနည်းလမ်းဖြင့် ဆောင်ရွက်နေသည်။ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်သည် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါရုံမျှမက အရှေ့တောင်အာရှနှင့် အရှေ့အာရှနိုင်ငံများအကြား မဟာဗျူဟာကျသော စီးပွားရေးဇုန်နေရာလည်း ဖြစ်သည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲတွင် မြန်မာနှင့် တရုတ်နိုင်ငံတို့မှ ပြခန်းများအပြင် ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ အလှကုန်ပစ္စည်းနှင့် စောင်အမျိုးမျိုး၊ ဆေးပစ္စည်းများနှင့် ရေထွက်ပစ္စည်းပြခန်းများလည်း ပါဝင်ပြသထားရာ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးတို့အတွက် အလားအလာကောင်းများကို ဖော်ညွှန်းနေသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးစွာ ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးနည်းလမ်းများသို့ တိုးမြှင့်ဖော်ဆောင်လာခြင်းတို့ကြောင့် နှစ်နိုင်ငံနယ်စပ်နေပြည်သူများ လွယ်ကူစွာ ကူးသန်းရောင်းဝယ်လာနိုင်လျက်ရှိသည့်အပြင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုခိုင်မာ တိုးတက်လာမည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများကို ထာဝရဆေး၊ ဆွမ်းပဒေသာပင်အဖြစ် ရန်ကုန်မြို့ ကန့်စီဝှမ်ရန်တောင် လူမှုရေးအသင်းမှ အလှူငွေကျပ် ၁၀၀၀၀၀ ကို အသင်းဥက္ကဋ္ဌ ဦးကျင်လင်းက နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေး ဒေသဖွံ့ဖြိုးမှုလှည့်လည်ကြည့်ရှု ရွာငံမြို့နယ် ရပ်ကွက်ကျေးရွာ ရပ်မိရပ်ဖများအား တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁၂ ရက် ညနေပိုင်းက ရွာငံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများနှင့် တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ရွာငံမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဓာတ်မှန်ခန်းကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံတာဝန်ခံ ဒေါက်တာဒေါ်မြသက်ဝင်းက လိုက်လံရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ရွာငံမြို့နယ် ကျောက်မြောင်းကျေးရွာအုပ်စုရှိ ကိုးဆူဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဦးဣန္ဒကအားဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သီလဝိသောဓနီနှစ်ထပ်သိမ်တော်ကြီးအတွက် ကျပ် ၂၂၆၀၀၀ ကို ဒီဇင်ဘာ ၁၂ ရက်တွင် ဆန္ဒတော်ပြည့် ဇမ္ဗူအေးစေတီ ဗုဒ္ဓပူဇနီယပွဲနှင့် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရေးအဖွဲ့အတွင်းရေးမှူး ဦးကျော်တင့်နှင့် ဘဏ္ဍာရေးမှူး ဦးအောင်သန်းဦးတို့က ဦးဆောင်နာယကဆရာတော် ဘဒ္ဒန္တ သုမင်္ဂလဗုဒ္ဓိ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းရာ တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးအေးချိုလက်ခံယူစဉ်။ (က-ပ)

ပျိုရွယ်သူ မျိုးဆက်ပွား ကျန်းမာရေးသင်တန်းဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဆောင်ရွက်သော ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေးသင်တန်း (၂/၂၀၀၆)ကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားတွင် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က သင်တန်းဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းသင်တန်းမှာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ၂၀၀၆ ခုနှစ်အတွင်း ဒုတိယအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းတွင် ရန်ကုန်တိုင်း ခရိုင်လေးခရိုင်မှ လူငယ်သင်တန်းသား ၃၅ ဦး တက်ရောက်ကြသည်ဟု သိရှိရသည်။ **(သတင်းစဉ်)**

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် အုတ်ကျောင်းပြုပြင်ရန်ငွေကျပ် ၂၇သိန်းလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၀

ပြည်မြို့ ဆံတော်ရပ် ဘုရားနီလမ်းနေ ဦးမော်ထွတ်ဝင်း-ဒေါ်သန်းသန်းအေး၊ သား မောင်ကြည်မော်နိုင် မိသားစုတို့က ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ရှိ မိဘဘိုးဘွားများ တည်ဆောက်လှူဒါန်းခဲ့သော သာသနဇောတိကအုတ်ကျောင်းပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေကျပ် ၂၇ သိန်းကို ၁၃၆၈ ခုနှစ် နတ်တော်လဆန်း ၁၂ ရက်၊ ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက လှူဒါန်းခဲ့သည်။ လှူဒါန်းပွဲတွင် ကျောင်းတိုက်ရှိ စာချစာသင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယက ဒုတိယ ဥက္ကဋ္ဌ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံမှ အနုမောဒနာတရား နာကြားကာ ရေစက်သွန်းချခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာအုပ်စု အလကနှင့် အမကတို့ ဖွင့်လှစ်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၊ ဒေါက်ရပ်ကျေးရွာအုပ်စု ခဲမောက်ရွာဇာတိ(ပအိုင့်ဝ်) ခဲမောက် စင်ကာပူဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝံသက ဒေါက်ရပ်ကျေးရွာအုပ်စု၌ ငွေကျပ် ၅၀၂ သိန်းခန့်ဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ပြီးစီးသွားသော ဒေါက်ရပ် အခြေခံပညာအလယ်တန်း ကျောင်းဆောင်သစ်နှင့် ရွှေရောင်ပြအခြေခံပညာ မူလတန်းကျောင်းဆောင်သစ်တို့ ဖွင့်လှစ်ပွဲ အခမ်းအနားနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက်တွင် အဆိုပါ ဒေါက်ရပ်ကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်းဆောင်သစ်၌ ကျင်းပရာ ရေးဦးစွာ ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝံသ၊ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်နှင့် ဘီးလင်းမြို့နယ် ပညာရေးမှူး ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဆရာတော်နှင့်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားကြပြီး ဆရာတော်က ကျောင်းဆောင်နှစ်ဆောင်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဘီးလင်းမြို့နယ် ပညာရေးမှူး ဦးမောင်မောင်သို့ လွှဲပြောင်းပေးအပ် လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၂-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၃၅ ၁၃။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၂)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၈)**
၁၉။ သင့်အတွက်မနက်ဖြန်
၂၀။ အပိတ်နှုတ်ဆက်စကား
၂၁။ ပြီးပါပြီ။

အသက်ရှည်စွာ အနာမဲ့ရေး (၁၉)

ဒေါက်တာ လွင်ကို

"ဦးလေးချော၊ အမေဒေါ်တင်ညွန့်တို့ လူစုံတက်စုံပါလား၊ ကြွပါခင်ဗျာ၊ အားလုံး နေထိုင်ကောင်းကြတယ်မဟုတ်လား"

"ဟုတ်ကဲ့ ကောင်းပါတယ်၊ အခု ကျွန်တော့်မြေးလေး ဆရာဝန်ဖြစ်လာလို့ ဆရာဆီလာအပ်ရင်း ဂါရဝပြုစေဖို့ လာတာပါ"

"ရပါတယ်၊ နဝရတ်ကတိသစ္စာဆိုတဲ့ ဆေးသမားတော်များ လိုက်နာရမယ့် အချက်များကို လေးလေးနက်နက် ခံယူလိုက်နာခြင်းသည်ပင် မိမိကို သင်ကြားပေးသော ဆရာ၊ ဆရာမများမှအစ သမားဟူးရားကြီးများအထိ ဂါရဝပြုရာ ရောက်ပါတယ်၊ ကျွန်တော့်ဆီ လာအပ်လို့တော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် ဓာတ်ကြီးလေးပါး ညီညွတ်ခြင်းသည်သာ လူတို့၏ အသက်ရှည်ခြင်း၊ တိုခြင်း၊ အနာရောဂါကင်းခြင်း၊ မကင်းခြင်းနဲ့ ဆိုင်ကြောင်း အတွေးအခေါ်တွေ ဝင်ကုန်မှာပေါ့"

"ဒီမှန်ကန်တဲ့ မြတ်ဗုဒ္ဓဒေသနာနယ အတွေးအခေါ်တွေ ဝင်စေချင်ပါတယ်ဆရာ။ ကျွန်တော်လဲ သူ့ကို အတော်အတန် ရိပ်စားမိအောင် နားသွင်းထားပါတယ်။ ဒါပေမယ့် သူ့အမေးတွေကိုတော့ လုံးစေ့ပတ်စေ့ ပြန်မဖြေတတ်ဘူးပေါ့"

"ကဲ–ဆရာဝန်ကြီး (အမေဒေါ်တင်ညွန့်၏မြေး ဆရာဝန်ဖြစ်စကို ဂုဏ်ပြုခေါ်ဆိုလိုက်ခြင်းဖြစ်ပါသည်)ကျွန်တော့်ကို အားမနာတမ်း ဆွေးနွေးနိုင်ပါတယ်၊ ဆရာ–တပည့် သို့မဟုတ် ဆရာဝန်ကြီးနဲ့ ဆရာဝန်လေးလို့ သဘောမထားပါနဲ့"

"ကျေးဇူးတင်ပါတယ် ဆရာကြီးခင်ဗျား၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ကြောင့် လူတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေတယ်ဆိုရင်၊ သို့မဟုတ် လူတွေရဲ့ ကျန်းမာရေးကို ကုစားနိုင်တယ်ဆိုရင် ကျွန်တော်တို့ ဆေး ကျောင်းမှာ သင်လိုက်ရတဲ့ ဘက်တီးရီးယား(Bacteria)၊ ဗိုင်းရပ်(Virus)၊ ပရိုတိုဇိုးဝါး(Protozoa)ဆိုတဲ့ ကပ်ပါးကောင်တို့၊ Fungusဆိုတဲ့ မှိုတို့ကြောင့်ဖြစ်တဲ့ ရောဂါတွေ၊ ဒါတွေကြောင့် သေဆုံးရတာတွေ ဘယ်သွားထားမလဲခင်ဗျ။ ဥပမာ–တီဘီဆိုတဲ့ ဘက်တီးရီးယားကြောင့် တစ်နှစ် သုံးသန်းနီးပါး သေနေတာ၊ ငှက်ဖျားပိုးကြောင့် တစ်ကမ္ဘာလုံး (ထိပ်ဆုံးက) သေနေတာ၊ HIV ဗိုင်းရပ်ပိုးကြောင့် AIDS ဖြစ်ပြီး သေနေတာတွေ ဘယ်လိုစဉ်းစား၊ ဘယ်ပုံ ကုစားကြမလဲခင်ဗျ"

"ဆရာခင်ဗျ၊ ကျွန်တော့်မြေး ပြောမှား၊ဆိုမှားရှိရင် တောင်းပန်ပါတယ်၊ ကျွန်တော့်ကိုလဲ ဒီမေးခွန်းမျိုး မေးခဲ့ပါတယ်။ ဒါကြောင့် နားလည်အောင် ရှင်းပြနိုင်မယ့်ဆရာဆီ ခေါ်လာခဲ့တာပါ"

"ဦးလေးချောရယ်၊ ဒီလောက် စူးစမ်းချင်စိတ်ရှိတာကို လေးစားရမယ့်အပြင် ဒီလိုမေးခွန်းမျိုးတွေ မေးတတ်တာကို ချီးကျူးရပါမယ်။ အလွန်တော်တဲ့ ဆရာဝန်တစ်ယောက် ဖြစ်လာနိုင်ပါတယ်"

"ကဲ– ကျွန်တော်ရှင်းပြပါ့မယ်၊ ကံ– ကံ၏အကျိုးကို ယုံလား"

"ယုံပါတယ်ခင်ဗျ၊ ကျွန်တော်ဟာ ဗုဒ္ဓဘာသာဝင်တစ်ဦးပါဆရာကြီး"

"ဟုတ်ပါပြီ၊ ကံဆိုတဲ့နေရာမှာ အတိတ်ကံ၊ ပစ္စုပ္ပန်ကံဆိုပြီးရှိပါတယ်၊ အတိတ်ကံမကောင်းလို့ အမိဝမ်းတွင်းမှာတင်သေရ၊ မွေးပြီးစမှာသေရသလို အတိတ်ကံကောင်းလို့ အသက်၇၀၊ ၈၀အထိ ကျန်းကျန်းမာမာနဲ့ နိုင်ငံတော်ရဲ့ ကြီးလေးတဲ့တာဝန်များ ထမ်းဆောင်နေကြတာ ကမ္ဘာမှာ အများကြီးပါ။ ထိုနည်းတူစွာပဲ ပစ္စုပ္ပန်ကံ၊ ယခုလုပ်ရပ်များမကောင်းလို့ အရက်မူးကားမောင်း၊ ကားတိုက်၊ အရက်ကို အချိန်အဆမရှိသောက်လို့ အသည်းကြွပ်ဝေဒနာ ခံစားရတာတွေ တွေ့ဖူးမှာပါ။ အများကြီးပါ။ ဘိန်းဖြူစွဲ၊ အပျော်အပါးလိုက်စားလို့ HIV ပိုးကူး AIDSဖြစ်စေတဲ့ ဝေဒနာရှင်တွေကိုလေ။ ကံအကြောင်း ဒီလောက်ဆို ရှင်းပါပြီနော်"

"ဥတုအကြောင်းပြောရအောင်၊ ဥတုအပြောင်းအလဲ မဆင်ခြင်လို့၊ မိုးမိလို့ နှာစေးချောင်းဆိုးဖြစ်တာ၊ အပူရှပ်တာ(Heat stroke)ဖြစ်ပြီး အသက်ဆုံးရှုံးရတာတွေ တူတော်မောင် ဆရာဝန်ပဲဟာ သိပါတယ်။ မေလပိုင်းအတွင်းမှာ အပူဒဏ်ကြောင့် အသက်ကြီးငယ် ပုဂ္ဂိုလ်မရွေး ဘယ်အချိန် ရေမချိုးရန်၊ ဘယ်လို နေထိုင်ကြရန် သတင်းစာ၊ ရေဒီယို၊ တီဗွီများကနေပြီး ကျန်းမာရေးဝန်ကြီးဌာနက သတိပေးနှိုးဆော်ချက်တွေလဲ နှစ်စဉ်ရှိတာပါပဲ"

"ဟုတ်ကဲ့ ကျွန်တော် ကြားလဲကြားဖူးပါတယ်၊သဘောလဲပေါက်ပါတယ်။ အဲဒီလို နှာစေးချောင်းဆိုးဖြစ်တာက(ပိုး–Bacteria/Virus) ပါသလားလို့ပါ"

"ပါချင်လဲ ပါနိုင်ပါတယ်၊ သို့သော် ပိုးသတ်ဆေး လုံးဝမဟုတ်သော မြန်မာ့ဆေးနည်းနဲ့ဓာတ်ကြီးလေးပါးကို ပြုပြင်လိုက်တာ နာရီပိုင်းအတွင်း ပျောက်သွားနိုင်တာ တူတော်မောင်ယုံကြည်ရတဲ့ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အဖေ၊ အမေစသည်ဖြင့် မြန်မာဓာတ်ညှိ ဆေးစားဖူးတဲ့ လူကြီးတွေကိုမေးကြည့်ပါ။ CIFRAN တို့၊ INZA တို့၊ DECOLGEN တို့ CEVION တို့ ပေါင်းစားမှ ပျောက်တာ မဟုတ်ပါဘူး။ ဆိုလိုချင်တာက ဓာတ်လေးပါးကို ညှိပေးနိုင်ဖို့ပါပဲ။ ဓာတ်ကြီးလေးပါးဖြစ်တဲ့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောနဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဟာ တိုက်ရိုက်လဲ ဆက်သွယ်ပါတယ်။ သွယ်ဝိုက်ပြီးတော့လဲ ဆက်သွယ်ပါတယ်။ ဒါ့အပြင် တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ဦးဆောင်နိုင်စွမ်းလဲ ရှိကြပါတယ်။ အညမညသဘောတရားလို့ တူတော်မောင် နားလည်ပေးပါ။ ဦးလေးချော၊ အမေဒေါ်တင်ညွန့်တို့၊ ဦးလေးတင်အေးတို့ကတော့ ဒီစကားတွေ ဒီအတွေးအခေါ်တွေနဲ့ ကျွမ်းဝင်ပြီးသားပါ"

"အာဟာရအကြောင်းကိုတော့ တူတော်မောင် ဆရာဝန်ကြီးကို အထူးပြောစရာ လိုမယ်မထင်ပါဘူး။ အာဟာရချို့တဲ့ရင်(Deficiency) ချို့တဲ့တဲ့ဓာတ်ကို ပြန်ဖြည့်တင်းပေးရပါတယ်။ အာဟာရ အစားများရင် မဆင်ခြင်ရင် အဝလွန်ရောဂါ (Cholesterol Triglyceride)ဆိုတဲ့ အဆီဓာတ်တက်တာအပြင် နောက်ဆက်တွဲ သွေးတိုး၊ နှလုံး၊ ဦးနှောက်သွေးကြောကျဉ်း၊ပိတ်၊ ပေါက်ဆိုတဲ့ ရောဂါတွေဖြစ်နိုင်တယ်။ အစားမှားလို့ ရုတ်ခြည်းဖြစ်တတ်တဲ့ရောဂါတွေလဲ အများကြီးရှိပါတယ်။ တက်စာ၊ သက်စာ၊ ပွင့်စာ၊ ငုပ်စာတွေ အစားမှားလို့ဖြစ်တဲ့ အကြောင်းတော့ မဆွေးနွေးပါဘူး၊ ရှုပ်ကုန်မှာစိုးလို့"

"ဟုတ်ကဲ့ ကျွန်တော် ယုံကြည်စွာ နားလည်ပါတယ် ဆရာကြီးခင်ဗျာ"

"ကောင်းပါပြီ၊ အခု ကံ၊ ဥတု၊ အာဟာရကို ထိန်းချုပ်တာကတော့ စိတ်ပါပဲ။ ကောင်းသောကံဖြစ်အောင် ကောင်းသောအလုပ်ကို လုပ်ရန် ကောင်းသောစိတ်က ထိန်းချုပ်ပါတယ်။ အရက်၊ ဆေးလိပ်မသောက်ဘူး၊ သောက်ချင်တယ်ဆိုတာလဲ ဒီစိတ်နဲ့ပဲ ထိန်းချုပ်နိုင်ပါတယ်။ အပျော်အပါး မလိုက်စား၊ လိုက်စားချင်တာမျိုးဟာလဲ စိတ်နဲ့ပဲ သက်ဆိုင်ပါတယ်"

"ဥတုကို စိတ်နဲ့ ဘယ်လို ထိန်းချုပ်ပါသလဲ ဆရာ"

ဆရာဝန်လေးက မေးပါသည်။

"အပြင် ဗဟိဒ္ဓဥတုကိုတော့ စိတ်နဲ့ မထိန်းချုပ်နိုင်ပါဘူး။ သို့သော် ဥတုရဲ့ ပူခြင်း၊ အေးခြင်း၊ ချမ်းတုန်ခြင်း၊ စိုစွတ်ခြင်းတွေကို ခံနေရတဲ့ ခန္ဓာကိုယ်မှာ ဆန္ဒဆိုတာဖြစ်တတ်ပါတယ်။ အိုက်ရင် ပန်ကာလေခံချင်တာပေါ့၊ ရေခဲရေသောက်ချင်တာပေါ့၊ အဲ့ဒါကို အလိုမလိုက်မိအောင် သတိတမံ ဉာဏ်မြေကတုတ်ဆိုတဲ့ သဘောတရားနဲ့ ထိန်းချုပ်ထားပါ။ ဥပမာ– နေပူထဲက လာတယ်၊ ပူလွန်း၊ အိုက်လွန်းလို့ စိတ်အလိုလိုက်ပြီး ရေအေးအေးလေး ချိုးရရင် ကောင်းမှာပဲဆိုပြီး ရေချက်ချင်းချိုးလိုက်ရင် အသက်အန္တရာယ်ရှိပါတယ်။ အပြင်ဗဟိဒ္ဓမှာ ပူနေရင် အဲဒီအပူကို မျှတစွာခံနိုင်အောင် ခန္ဓာကိုယ်အတွင်း(ORGAN အားလုံး) အဓ္ဈတ္တက လိုက်အေးပေးဖို့ လုပ်ဆောင်ရပါတယ်၊ အဲ့ဒီလို လုပ်ဆောင်စဉ်မှာအပြင်က ရေအေးအေး လောင်းချိုးလိုက်ရင် ခန္ဓာကိုယ် သွေးကြောထဲက သွေးတွေ ခဲကုန်နိုင်ပါတယ် (Intravascular coagulation)။ ဒါ့ကြောင့် အချို့သော ခန္ဓာကိုယ်အစိတ်အပိုင်းတွေမှာ သွေးခဲစေ နိုင်တဲ့ဓာတ် (Factors)တွေ လျော့ကုန်ပြီး သွေးထွက်ကုန်တာ တွေ့ရတတ် ပါတယ်။ အရေပြားအောက် သွေးကွက်တာမျိုး၊ ဆီးအနီ၊ အညိုရောင် ပြောင်းတာ ဒါ့ကြောင့်ပါ"

"ဆရာကြီး ရှင်းပြတဲ့ အတွေးအခေါ်တွေက တိုင်းရင်းဆေးနည်းနဲ့ အခြေခံထားသော်လဲ ကျွန်တော်တို့လို ဆရာဝန်ဖြစ်ခါစ လူငယ်တွေပင် နားလည်နိုင်စွမ်းလို့ အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ သို့သော် တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ AIDSရောဂါများကို စိတ်နဲ့ ဘယ်လို ကုနိုင်သလဲဆိုတာကို ကျွန်တော် အလွန်ပဲ စိတ်ဝင်စားမိပါတယ်ခင်ဗျား"

"ဟုတ်ပါပြီ တူတော်မောင်၊ တီဘီရောဂါဆိုပါတော့ ကမ္ဘာမှာ လူဦးရေ သန်းခြောက်ထောင်ရှိစဉ်က သန်းနှစ်ထောင် ကူးစက်ခံရပြီးပြီလို့ WHO က တွက်ချက်ထားပြီးသားပါ။ ထပ်ပြီး ဖော်ပြထားတာက သန်း ၃၀ပဲ ဝေဒနာခံစားနေကြရတယ်ဆိုပြန်တော့ လူဦးရေ ၆၆ယောက် ကူးစက်ခံရရင် လူတစ်ယောက် ရောဂါရတယ်ဆိုတဲ့ အဖြေထွက်ပါလိမ့်မယ်။ အကယ်၍များ အဲဒီလူ ၆၆ယောက်ကို အစားအသောက် ကောင်းကောင်းပေးထားပြီး စိတ်ညစ်အောင် အမျိုးမျိုးသော နည်းဖြင့် လုပ်နေမယ်၊ တစ်ချိန်လုံး သောကဆိုတဲ့ အရာအားလုံး (Stress and Strain)ခံစားနေရမယ်ဆိုရင် တစ်ယောက်ထက်မက ၁၀–၂၀လောက်များ တီဘီရောဂါ ခံစားလာရမလားလို့ ဆရာတွေးမိပါတယ်"

"အဲဒါကိုလဲ ကျွန်တော် လက်ခံယုံကြည်ပါတယ်ခင်ဗျ။ စိတ်သောကရောက်ပြီဆိုမှတော့ ဘယ်လောက် ကောင်းကောင်းကျွေးကျွေး ဘယ်စားဝင်ပါ့မလဲ၊ ဘယ်အိပ်ပျော်ပါ့မလဲ။ ဂနာမငြိမ်ဖြစ်ပြီး နှလုံးပါအားနည်းလာမယ်။ ခန္ဓာကိုယ်မှာရှိတဲ့ (System) ဖွဲ့စည်းပုံစနစ်များ ထိခိုက်လာမှာပေါ့ ဆရာကြီး"

"မှန်လိုက်လေ တူမောင်ရာ။ ဦးလေးချော၊ အမေညွန့်၊ ဦးလေးတင်အေးတို့လဲ လက်ခံတယ်မဟုတ်လား"

"ဟုတ်ပြီလားဆရာရယ်၊ စိတ်ထောင်းတော့ ကိုယ်ကြေ၊ ကြေနေတဲ့ ကိုယ်မှာရောဂါဝင်ရင်၊ ဝင်ပြီးသား ရောဂါရှိရင် ပိုပြီး ထကြွ သောင်းကျန်းတော့မှာပေါ့"

"ငှက်ဖျားပိုးကိုလဲ ဤဥပမာအတိုင်း တွက်ကြည့်ရအောင်။ တပ်မတော်သားအားလုံး တပ်မတော်သားအဖြစ် လက်ခံတဲ့နေ့ကစပြီး ငှက်ဖျားကာကွယ်ဆေး စားခဲ့ကြရပါတယ်။ ရှေ့တန်း နောက်တန်းမခွဲခြား တစ်ပတ်နှစ်ကြိမ် စားကြရပါတယ်။ သို့သော် ရှေ့တန်းသွားကြတဲ့ တပ်မတော်သားတိုင်း ငှက်ဖျားဖြစ်သလား၊ ကာကွယ်ဆေးစားတဲ့ လူတိုင်းမှာ ဖြစ်တဲ့လူဖြစ်၊ မဖြစ်တဲ့လူ မဖြစ်မဟုတ်လား၊ တွက်စရာတစ်ခုတော့ ရှိတယ်ပေါ့လေ။ ခြင်ကိုက်ခံရသူနဲ့ မခံရသူ။ သို့သော် ခြင်ကိုက်ခံရတဲ့သူတိုင်း ဖြစ်သလား။ နောက်ဆုံးပြောလိုက်မယ်၊ ခန္ဓာကိုယ်ထဲ ငှက်ဖျားပိုး ရောက်တဲ့လူတိုင်း ရောဂါခံစားရသလား၊ရောဂါခံစားရတယ်ထားဦး ပြင်းထန်မှုက တူသလား"

"ဆရာကြီး ဘာကို ဆိုလိုချင်တာလဲခင်ဗျာ"

"စိတ်ဓာတ်ကိုဆိုလိုချင်တာပါ။ စိတ်သောကမများဘူး၊ယောက်ယက်မခတ်ဘူး၊ စိတ်တည်ငြိမ်စွာ ထားနိုင်မယ်ဆိုရင် ငှက်ဖျားပိုးဝင်တောင် ခံနိုင်ရည်ရှိမယ်ထင်ပါတယ်၊ သုတေသနလုပ်ကြည့်ဖို့ ကောင်းတဲ့ အချက်တစ်ချက်ပါ"

"Theory အရ ဖြစ်နိုင်ပါတယ်ဆရာကြီး၊ သို့ပေမယ့် အခြားထည့်တွက်စရာ (Factors)အချက်များလဲ ရှိဦးမလားလို့ပါ။ ဥပမာ–(Nutrition) အာဟာရတို့၊ (Immunity) ကိုယ်ခံစွမ်းအားတို့၊ (Varulance of Organism)ပိုးရဲ့ ပြင်းအားတို့ပေါ့"

"မှန်ပါတယ် တူတော်မောင်၊ အဲဒီအချက်တွေကို (Constant) ပုံသေကိန်းထားကြည့်ကြရအောင်လေ၊ ဒါမှ သုတေသနတစ်ခုထွက်လာမှာပေါ့၊(One dimention)တစ်ဖက်မြင်ပေါ့၊ နောက်ကျမှ (2,3,4 dimension) နှစ်၊ သုံး၊ လေးဖက်မြင်ကြည့်ပြီး အဖြေဖော်ထုတ်ကြရအောင်လေ"

"HIV ပိုးနဲ့ပတ်သက်ရင်လဲ ဒီသီအိုရီကို Apply ကိုးကားလို့ရပါတယ်။ HIV ပိုးဝင်ထားတဲ့ လူတစ်ယောက် ရောဂါဝင်မှန်းလဲမသိ၊ စိတ်လဲ ချမ်းသာနေရင် ၄–၅နှစ်ကြာမှ AIDS ရောဂါနဲ့ လက္ခဏာတွေ ပေါ်လာတတ်ပေမယ့် HIVရောဂါလက္ခဏာပိုးဝင်မှန်းသိတဲ့ လူတစ်ယောက်ဟာ ၄–၅လအတွင်း AIDS လက္ခဏာတွေ ပေါ်လာပြီး ၂–၃လအတွင်း သေဆုံးသွားတတ်ကြပါတယ်။ အဲဒါ ဇဇရာခိုင်နှုန်း စိတ်ကြောင့်လို့ ဆရာကြီး ပြောချင်ပါတယ်"

"ကျွန်တော် တွေ့ဖူးတယ် ဦးလေးတင်အေးရဲ့၊ လူနာတစ်ယောက် အထူးကုဆေးခန်းဝင်လာစဉ်က သားသားနားနား ကိုယ်အလေးချိန်ကျလာလို့ ဆေးစစ်ကြည့်ဖို့ TB များလား ဆိုပြီး လာပြတာ၊ ဓာတ်မှန်ကလဲ အကောင်းသား၊ ဘာရောဂါမှ မတွေ့ရ၊ သူ့မိဘက HIVပိုး စစ်ကြည့်ရင်ကောင်းမလားမေးတော့ ကျွန်တော်လဲ ဒါပဲ (Suspect) သံသယဖြစ်စရာကျန်တယ်။ နှလုံးခုန်နှုန်းလေး နည်းနည်းမြန်တာကလွဲလို့ တခြား (Disease) ရောဂါလို့ ပြောရလောက်အောင် မတွေ့ရဘူးဆိုပြီး စစ်ကြည့်တာပေါ့"

"(Retrovial test) ဒီဗိုင်းရပ်ပိုးအတွက် သွေးဖောက်စစ်ကြည့်ပြီး Result ကို ဆရာ့ပဲပြပါလို့ သူနာပြုတွေကို မှာပါတယ်။ သူနာပြုတွေကလဲ လိုက်နာပါတယ်။ အဖြေက (+)ve ဖြစ်နေတော့ လူနာကိုပြုစုဖို့ အခန်းထဲဝင်တယ်ဆိုရင်ပဲ တစ်ခါသုံး လက်အိတ်တွေ သုံးကြတော့ လူနာကရိပ်မိသွားတယ်။ အဲဒီနောက် ညသန်းခေါင်ကျော်မှာ ဆုံးသွားတယ်။ သူ့မှာ ဒီရောဂါပိုးရှိတယ်ဆိုတာ မိဘဆွေမျိုးတွေနဲ့ ဇနီးကို မျက်နှာပြရမှာ ရှက်လို့ထင်ပါတယ်၊ စိတ်ကြောင့် ဒီလောက် မြန်မြန်ဆန်ဆန် ဘဝကို နိဂုံးချုပ်သွားတာပါ"

"ဒီလို (Case) ရောဂါသည်တွေကို ဘယ်လိုကယ်တင်နိုင်မလဲဆိုတာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စဉ်းစားနေမှာပါဆရာ" ဦးတင်အေးက သူ့အယူအဆကို ပြောပါသည်။

"ဦးလေးတင်အေးခင်ဗျာ၊ တစ်ကမ္ဘာလုံးက ဆေးသစ်ရှာနေကြတာပါပဲ၊ ကျွန်တော်ကတော့ ရှိပြီးသားဆေးကိုပဲ စနစ်တကျ ပြန်သုံးချင်ပါတယ်။ အဲဒါကတော့ **(Insight meditation) ခေါ်တဲ့ဝိပဿနာနည်းနဲ့ စိတ်ကို တည်ငြိမ်အောင် လုပ်သွားမယ် စိတ်ကူးပါတယ်၊** ကျွန်တော့်မှာ မဟာဗျူဟာရော နည်းဗျူဟာရော၊ အထောက်အထားတွေရော စဉ်းစားထားပါတယ် ခင်ဗျ၊ စိတ်ရဲ့စွမ်းအင်ဟာ ကမ္ဘာပေါ်မှာ အကြီးဆုံးသော စွမ်းအင်ဆိုတာ ဦးလေးတို့အားလုံး သိကြပါတယ်"

"မြန်မြန်စဖြစ်အောင် စ–စမ်းပါဆရာ၊ ကျွန်တော်တို့လဲ ဝိုင်းဝန်းပါဝင်ပါ့မယ်"

"ဒီနည်းကမှ **အသက်ရှည်စွာ အနာမဲ့ရေး ဆေးစွမ်းကောင်းကြီး** ဖြစ်မှာ ခင်ဗျ"။ ။

> **ကံ၊ ဥတု၊ အာဟာရကို ထိန်းချုပ်တာကတော့ စိတ်ပါပဲ။ ကောင်းသောကံဖြစ်အောင် ကောင်းသောအလုပ်ကို လုပ်ရန် ကောင်းသောစိတ်က ထိန်းချုပ်ပါတယ်။ အရက်၊ ဆေးလိပ်မသောက်ဘူး၊ သောက်ချင်တယ်ဆိုတာလဲ ဒီစိတ်နဲ့ပဲ ထိန်းချုပ်နိုင်ပါတယ်။ အပျော်အပါး မလိုက်စား၊ လိုက်စားချင်တာမျိုးဟာလဲ စိတ်နဲ့ပဲ သက်ဆိုင်ပါတယ်။**

အင်ဒိုနီးရှားတွင် ရေနံရှာဖွေရန် ကုမ္ပဏီ ၁၈ ခုခွင့်ပြုချက်လိုင်စင်ရ

ဂျကာတာ ဒီဇင်ဘာ ၁၈

အင်ဒိုနီးရှားအစိုးရသည် ရေနံပိုမိုထုတ်လုပ်ရန် ကြိုးပမ်းချက်အဖြစ် ရေနံလုပ်ကွက်သစ်များတွင် ရေနံစူးစမ်းရှာဖွေရန် ကုမ္ပဏီ ၁၈ခုကို ခွင့်ပြုချက်လိုင်စင် ထုတ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းစာက ဒီဇင်ဘာ ၁၄ရက်တွင် ရေးသားဖော်ပြသည်။

တတိယအကြီးဆုံး

ခွင့်ပြုချက်လိုင်စင်ရရှိသော ကုမ္ပဏီများတွင် အမေရိကန်နိုင်ငံ၏ တတိယအကြီးဆုံးရေနံကုမ္ပဏီအုပ်စုများဖြစ်သော ကိုနိုကိုဖီးလစ်၊ နော်ဝေနိုင်ငံမှ စတာတွိုင်းအေအက်စ်အေ၊ တရုတ်နိုင်ငံမှ ကမ်းလွန်ရေနံထုတ်လုပ်ရေးကုမ္ပဏီ စီအင်န်အိုအိုစီတို့ ပါဝင်ကြောင်း ဂျကာတာပို့စ် သတင်းစာက ရေးသားဖော်ပြသည်။

လုပ်ပိုင်ခွင့်ရရှိ

ဆူလာဝေစီပြည်နယ် အနောက်ဘက် ကူမာရေနံလုပ်ကွက်တွင် ဓာတ်ငွေ့နှင့်ရေနံရှာဖွေမှုကို ကိုနိုကိုဖီးလစ်အုပ်စုနှင့် စတာတွိုင်းအေအက်စ်အေကုမ္ပဏီတို့က ရရှိခဲ့ပြီး ဆူမတြားပြည်နယ်အလယ်ပိုင်း ဘာတန်ဂါရီ ရေနံကွက်အတွက် စီအင်န်အိုအိုစီကုမ္ပဏီနှင့် ပီတီဂရီဂိုရီကုမ္ပဏီတို့က လုပ်ကိုင်ခွင့်ရရှိသည်။

ဆူမတြားအလယ်ပိုင်း ဘာတူဂျာဂျက်ချ်ရေနံလုပ်ကွက်နှင့် ဆူမတြားမြောက်ပိုင်း ဂါနာရေနံလုပ် ကွက်တို့တွင် ဓာတ်ငွေ့နှင့် ရေနံရှာဖွေမှုပြုလုပ်ရန် ဒေသဆိုင်ရာကုမ္ပဏီများက လုပ်ကိုင်ခွင့်ရရှိကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်း၌ လှုပ်သွားသည့် ငလျင်နှင့်ပတ်သက်၍ လှုပ်ရှားမှု မှတ်တမ်းများအား ပညာရှင်များ လေ့လာနေသည်ကို ဒီဇင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဖိလစ်ပိုင်၌ တိုက်ဖုန်းမုန်တိုင်းကြောင့် ၂၇ဦးသေဆုံး

မနီလာ ဒီဇင်ဘာ ၁၈

ဖိလစ်ပိုင်တွင် ဥတောတိုက်ဖုန်းမုန်တိုင်း တိုက်ခတ်သွားမှုကြောင့် သေဆုံးသူ ၂၇ ဦးရှိပြီး ရှစ်ဦးပျောက်ဆုံးနေကြောင်း အမျိုးသားဘေးအန္တရာယ်ညှိနှိုင်းရေးကောင်စီ(အင်န်ဒီစီစီ)က ဒီဇင်ဘာ ၁၄ ရက် တွင် ပြောကြားသည်။ မုန်တိုင်းတိုက်မှုကြောင့် လူဇုန်ကျွန်းတောင်ပိုင်းတွင် ခုနစ်ဦး၊ ဗီဆာရက်စ်ဒေသ အနောက်ပိုင်းတွင် ကိုးဦး၊ ဗီဆာရက်စ်ဒေသ အလယ်ပိုင်းတွင် ခြောက်ဦးနှင့် ဗီဆာရက်စ်ဒေသ အရှေ့ပိုင်းတွင် ငါးဦး အသီးသီးသေဆုံးခဲ့ကြောင်း အင်န်ဒီစီစီမှ ပြောကြားချက်ကို သတင်းတွင် ဖော်ပြထားသည်။

သေဆုံးသူများ တိုးလာနိုင်သည့်အပြင် ဒဏ်ရာရရှိသူ ၄၂ ဦးထက်မနည်းရှိပြီး ရှစ်ဦးမှာလည်း ယခုတိုင်ပျောက်ဆုံးနေဆဲဖြစ်သည်ဟု သိရှိရသည်။

ဥတောတိုက်ဖုန်းမုန်တိုင်း ဒဏ်ကို မိသားစုပေါင်း ၈၇၀၀၀ ကျော် သို့မဟုတ် ပြည်သူ ၄၇၀၀၀၀ ခံစားခဲ့ရကြောင်း၊ ဒုက္ခသည်စခန်း ၁၀၈ နေရာသို့ ပြောင်းရွှေ့နေထိုင်သူ ၅၃၈၄၂ ဦး သို့မဟုတ် မိသားစုပေါင်း ၁၀၉၁၅ စုရှိကြောင်း အင်န်ဒီစီစီ အစီရင်ခံစာတွင် ဖော်ပြသည်။

မုန်တိုင်းကြောင့် စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံ လုပ်ငန်းများ ဆုံးရှုံးမှုအပါအဝင် ပီဆို ၄၃၃ ဒသမ ၈၄ သန်း (အမေရိကန်ဒေါ်လာ ၈ ဒသမ ၇၅ သန်း)ဖိုး ပျက်စီးဆုံးရှုံးကြောင်း အင်န်ဒီစီစီက ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထိုင်းနိုင်ငံ ဖူးခက်ပင်လယ်ကမ်းခြေအနီး၌ ချထားမည့် ဆူနာမီရေလှိုင်းသတိပေးရေးစနစ်ဆိုင်ရာကိရိယာကို ဒီဇင်ဘာ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လျှပ်စစ်စွမ်းအားပိုမိုထုတ်လုပ်နိုင်ရန် ဗီယက်နမ် ကြိုးပမ်း

ဟနွိုင်း ဒီဇင်ဘာ ၁၈

ဗီယက်နမ်အစိုးရက ယခင်နိုင်ငံပိုင် ကုမ္ပဏီဖြစ်ခဲ့ဖူးသည့် ဗီယက်နမ် လျှပ်စစ်စွမ်းအားအုပ်စု (အီးဗီအင်)သို့ ၂၀၀၆ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်း နှစ်စဉ်လျှပ်စစ်စွမ်းအား ၁၆ရာခိုင်နှုန်းမှ ၁၇ရာနှုန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ညွှန်ကြားထားကြောင်း ဒေသခံမီဒီယာက တနင်္လာနေ့တွင် ဖော်ပြသည်။

ပါဝင်

နိုင်ငံပိုင်ကော်ပိုရေးရှင်းအား အခြားစီးပွားရေးလုပ်ငန်းများကဲ့သို့ပြောင်းလဲသည့် အခမ်းအနားတွင် ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ငုယင်ဆင်ဟွမ်က ဖော်ပြပါအတိုင်း ညွှန်ကြားခြင်းဖြစ်သည်။ ယင်းသို့ စီးပွားရေးလုပ်ငန်းများအဖြစ်ပြောင်းလဲရာတွင် လျှပ်စစ်ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေးပစ္စည်း ထုတ်လုပ်ရေးနှင့် ပြန်ကြားရေးနှင့် နည်းပညာလုပ်ငန်းများလည်းပါဝင်သည်ဟု ဆိုင်ဂုံ လိုက်ဘရေးရှင်းသတင်းစာက ရေးသားသည်။

အီးဗီအင်အနေဖြင့် ပြည်တွင်းဈေးကွက်နှင့် လာအို၊ ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့ကဲ့သို့ ပြည်ပဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်ရန် ၎င်းကညွှန်ကြားသည်။ အဆိုပါ စီးပွားရေးအုပ်စုသည် ဗီယက်နမ်သုံးငွေဒေါင် ၄၈ ဒသမ ၄ ထရီလီယံနီပါး(အမေရိကန်ဒေါ်လာ ၃ဘီလီယံခန့်) ရင်းနှီးမြှုပ်နှံထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇင်ဘာဘွေ ရှေးဟောင်းပစ္စည်းများ ပိုလန်တွင်ပြန်လည်တွေ့ရှိ

ဟာရာရေး ဒီဇင်ဘာ ၁၈

ဇင်ဘာဘွေနိုင်ငံရှိ အမျိုးသားအနုပညာပြတိုက်မှယခုနှစ်ဇွန်လအတွင်းခိုးယူခံခဲ့ရသော ရှေးဟောင်းပစ္စည်းခြောက်ခုကို ပိုလန်နိုင်ငံတွင် ပြန်လည်တွေ့ရှိထားပြီ ဖြစ်ကြောင်း ဆန်းဒေးမေးလ်သတင်းစာကရေးသားဖော်ပြသည်။

ပြန်လည်တွေ့ရှိထားသောရှေးဟောင်းပစ္စည်းများမှာ မူလအနေအထား အတိုင်းရှိကြောင်း ဇင်ဘာဘွေ အမျိုးသားအနုပညာပြတိုက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ မည်သည့်အချိန်တွင် ယင်းပစ္စည်းများကို ဇင်ဘာဘွေနိုင်ငံသို့ ပြန်လည်ပေးပို့မည်ကို ပြောကြားခြင်းမရှိပေ။

ပိုလန်ရှိ ရှေးဟောင်းပစ္စည်းရောင်းချသူတစ်ဦးသည် ယင်းရှေးဟောင်းပစ္စည်းများကို ရောင်းချရန် အမေရိကန်နိုင်ငံရှိ ရှေးဟောင်းပစ္စည်း စုဆောင်းသူတစ်ဦးထံ လွှန်ခဲ့သည့် ရက်သတ္တပါးပတ်က ကမ်းလှမ်းခဲ့ကြောင်း၊ ရှေးဟောင်းပစ္စည်းစုဆောင်းသူသည် နိုင်ငံတကာလုံခြုံရေး အတိုင်ပင်ခံတစ်ဦးဖြစ်သူ တန်ခရီမာနှင့် ဆက်သွယ်ခဲ့ကြောင်း၊ ၎င်းက အာဏာပိုင်များထံ အကြောင်းကြားခဲ့ရာမှ ရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါဇာမြို့တွင် ပစ်ခတ်တိုက်ခိုက် ကင်းစခန်းမှ အစောင့်တစ်ဦးသေဆုံး

ဂါဇာ ဒီဇင်ဘာ ၁၈

သေနတ်သမားများသည် ဂါဇာစီးတီးတောင်ပိုင်းရှိ ပါလက်စတိုင်း သမ္မတ၏အစောင့်များရှိသည့် ကင်းစခန်းကို တနင်္ဂနွေနေ့ နံနက်က တိုက်ခိုက်ခဲ့သဖြင့် လူတစ်ဦးသေဆုံးပြီး လူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆေးတပ်ဖွဲ့နှင့် မျက်မြင် တွေ့ရှိသူများက ပြောကြားသည်။

ပစ်ခတ်

သမ္မတ၏ အစောင့်များရှိနေသည့် ကင်းစခန်းကို မျက်နှာဖုံးများစွပ်ထားသည့် စစ်သွေးကြွများက ဒုံးကျည်များနှင့် သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ယင်းတိုက်ခိုက်မှုသည် ဟားမားစ်အဖွဲ့၏ လက်ချက်ဖြစ်နိုင်သည်ဟု သမ္မတမာမွတ်အဘတ်စ်နှင့် ဆက်နွယ်သည့်လုံခြုံရေးသတင်းရပ်ကွက်ကပြောကြားသည်။

တိုက်ခိုက်

ဟားမတ်စ် ဦးဆောင်သည့် အစိုးရအဖွဲ့ရှိ ပြည်ထဲရေးဝန်ကြီးဌာနမှ အကူတပ်ဖွဲ့က ယင်းကင်းစခန်းကို တိုက်ခိုက်ခဲ့ကြောင်း၊ တိုက်ခိုက်သူများသည် ဟားမတ်စ်အဖွဲ့ဝင်များဖြစ်နိုင်သကဲ့သို့ အကူတပ်ဖွဲ့၏ လုံခြုံရေးတပ်ဖွဲ့ဝင်များလည်း ဖြစ်နိုင်ကြောင်းသတင်းတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံ အဲဗားဂလိဒ်ဘေးမဲ့တောအတွင်းမှ ပြင်ပသို့ထွက်သွားသော စပါးအုံးမြွေကြီးတစ်ကောင်ကို တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးသမားများကပြန်လည်ဖမ်းဆီးနေသည်ကို ဒီဇင်ဘာ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တူရကီ၌ ဘိန်းဖြူသိမ်းဆည်း

အန်ကာရာ ဒီဇင်ဘာ ၁၈

တူရကီနိုင်ငံ ရဲတပ်ဖွဲ့သည် နိုင်ငံအရှေ့တောင်ပိုင်းဒေသ၌ စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲစဉ် ဘိန်းဖြူ ၁၀၁ ဒသမ ၉ကီလိုကို သိမ်းဆည်းလိုက်ကြောင်း အနာတိုလီယာ သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ရဲတပ်ဖွဲ့ဝင်များသည် ဂါဇီယမ်တက်မြို့၌ ကုန်တင်ကားတစ်စီးကို သတင်းအရရပ်တန့်ရှာဖွေရာ ကားထဲတွင် သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူ ၁၀၁ ဒသမ ၉ကီလိုကို သိမ်းဆည်းလိုက်ပြီး မသင်္ကာသူ နှစ်ဦးကိုလည်း ဖမ်းဆီးလိုက်သည်။ အဆိုပါ ဘိန်းဖြူ၏ကာလပေါက်ဈေးမှာ ယူရို တစ်သန်းနီးပါး ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများ ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့များ၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၊ ဆွေးနွေးပွဲခန်းမ(၄)နှင့် ဆွေးနွေးပွဲခန်းမ(၆)တို့၌ ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးမစတင်မီ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ်မှဦးမန်းအုံးမောင်၊ကယားပြည်နယ်မှ ဦးကျော်ဒင် (ခေါ်) ဦးထေးရယ်၊ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူးဦးတင်မောင်ဦးနှင့်တွဲဖက်အခမ်းအနားမှူးအဖြစ်လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ရာခိုင်နှုန်း ၈၀ ဖြစ်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိ ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက်ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တင်ပြမည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းကို ရှမ်းပြည်နယ်မှ ဦးအားဖာကလည်းကောင်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊သီချင်းနှင့် မြို့တော်အခန်းကို မကွေးတိုင်းမှ ဦးမျိုးတင့်ကလည်းကောင်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်းကို မွန်ပြည်နယ်မှဒေါ်ဝါဝါမွန်က လည်းကောင်း၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းကို ကယားပြည်နယ်မှ ဦးတင်ဦးကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ယင်းအကြံပြုချက်စာတမ်းကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြနိုင်ရန် ကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူ၍ အလှည့်ကျသဘာပတိက အတည်ပြုကြောင်းကြေညာပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိ ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာအလှည့်ကျ သဘာပတိအဖြစ် စစ်ကိုင်းတိုင်း ခန္တီးမြို့နယ်မှ ဦးကံညွန့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဧရာဝတီတိုင်း ဓနုဖြူ မြို့နယ်မှဦးကြည်တင့်နှင့် ရန်ကုန်တိုင်း ခရမ်းမြို့နယ်မှ ဦးမြအေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ၄၇ရာခိုင်နှုန်းဖြစ်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ စစ်ကိုင်းတိုင်းခန္တီးမြို့နယ်မှ ဦးကံညွန့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည် အသေးစိတ်အခြေခံရမည့် မူများချမှတ်ရေးနှင့် စပ်လျဉ်း၍အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တင်ပြမည့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်းနှင့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းတို့ကို တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်မှ ဦးအင်ရှိန်ကလည်းကောင်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းကို ရခိုင်ပြည်နယ်အမ်းမြို့နယ်မှ ဦးရွှေလှကလည်းကောင်း၊အထွေထွေပြဋ္ဌာန်းချက်များအခန်းကို ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်မှ ဦးထွန်းဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်မှ ဦးစိုင်းရီမွန်တို့က လည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြသည်။

ထို့နောက်ယင်းအကြံပြုချက်စာတမ်းကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြနိုင်ရန် ကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူ၍ အလှည့်ကျသဘာပတိက အတည်ပြုကြောင်းကြေညာပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲ ခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ခန္တီးမြို့နယ်မှဦးကံညွန့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစောကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဆေးသိပ္ပံပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမောင်မောင်ဝင့်နှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြား ရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ၈၅ ဒသမ ၇၁ ရာခိုင်နှုန်းဖြစ်သဖြင့် အစည်းဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာသည်။

အဖွင့်အမှာစကားပြောကြား

ထို့နောက် အလှည့်ကျသဘာပတိ မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစောက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော် အလံ၊ အထိမ်းအမှတ်တံဆိပ်၊သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြမည့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းနှင့် နိုင်ငံတော်အလံ၊အထိမ်းအမှတ်တံဆိပ်၊သီချင်းနှင့် မြို့တော်အခန်းတို့ကို မြန်မာမှုဗိသုကာပညာရှင် ဦးဝင်းမောင်(တမ္ပဝတီ) ကလည်းကောင်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကျွမ်းကျင်သူပညာရှင် ဦးစိန်ကြည်ကလည်းကောင်း အသီးသီးဖတ်ကြား တင်ပြကြသည်။

ထို့နောက်ယင်းအကြံပြုချက်စာတမ်းကိုအမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြနိုင်ရန် ကိုယ်စားလှယ်များ၏ ဆန္ဒကို ရယူ၍ အလှည့်ကျသဘာပတိက အတည်ပြုကြောင်းကြေညာပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ကျင်းပရာ အလှည့်ကျသဘာပတိ မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစော အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူးဦးသောင်းညွန့်၊တွဲဖက်အတွင်းရေးမှူးများနှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက သဘာပတိအဖြစ် ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်ဦးအောင်တိုးကအမျိုးသားညီလာခံစုံညီအစည်းအဝေးများတွင် ဆောင်ရွက်ခဲ့သော လုပ်ငန်းအရပ်ရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က အမျိုးသားညီလာခံနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင်များက လုပ်ငန်းဆိုင်ရာကိစ္စများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အရှင်ဇဝနဓမ္မသဘင်

ရန်ကုန် ဒီဇင်ဘာ ၂၀

နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဇဝန(ပဲခူး)သည် ဒီဇင်ဘာ ၂၃ ရက်တွင် သဃ်န်းကျွန်း ကြီးပွားရေးရပ်ကွက် ရှင်ဥပဂုတ္တ ပူဇော်ပွဲ၊ ၂၄ ရက်တွင် သမိုင်း(၁) ရပ်ကွက်လုံးဆိုင်ရာ ပဋ္ဌာန်းမြတ်ဂုဏ်ဓမ္မာရုံ၊ ၂၅၊ ၂၆ရက်တွင် လှည်းကူးမြို့နယ် ရဲမွန်တပ်ဦးကျောင်း ခုနစ်ရက်တရားစခန်းပွဲတို့၌ တရားဓမ္မဟောကြားတော်မူမည်ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုလျှင် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် စံရိပ်ငြိမ်ကျောင်း ဖုန်း-၀၉-၅၁၄၄၇၉၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ပန်းတစ်ပွင့်တောင် ဌာပနာသွင်းမင်္ဂလာနှင့် စာကြည့်တိုက်ဖွင့်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရရိပ်သာကျောင်းတိုက် ပဓာနနာယက သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာသာရကြီးမှူး၍ ပန်းတစ်ပွင့်တောင်တော်မြတ်ရှိ ငြိမ်းအေးချမ်းသာ ရုပ်ပွားတော်မြတ်၊ လာဘ်ပွင့်ချမ်းသာ လာဘမုနိရုပ်ပွားတော်မြတ် ဌာပနာသွင်းခြင်းမင်္ဂလာနှင့် ဘုန်းတော်ကြီးသင် ပညာရေး သုံးထပ်ကျောင်းဆောင်သစ်၊ ဘ၀ငြိမ်းချမ်းရေး စာကြည့်တိုက်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင်အဆိုပါတောရရိပ်သာကျောင်း၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ စေတနာရှင်များ အချိန်မီကြွရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ အလှူရှင်များ ဂေါပကအဖွဲ့သို့ ဆက်သွယ်ကြရန်နှိုးဆော်

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအားစတုတ္ထအကြိမ်ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အရံစေတီများ၊ မုခ်ဆောင်များ၊ သာသနိကအဆောက်အအုံများ၊ ဂြိုဟ်တိုင်များ၊ မုခ်ဦးများ၊ မဟာရံတံတိုင်းများ၏ မူလအလှူရှင်များ၊ မွမ်းမံအလှူရှင်များသည်၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဖုန်း-၀၁- ၂၉၀၄၂၅ သို့ဆက်သွယ်ကြရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဂေါပကအဖွဲ့က သင့်လျော်သလို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင်မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၏ (၃၂)ကြိမ်မြောက် ဘုရားကိုးဆူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲအခမ်းအနားကို ဒီဇင်ဘာ၁၉ရက်က ဘုရင့်နောင်ရှိ ရုံးချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၆၃)

သစ်သီးဝလံတန်ဖိုးမြှင့် အသုံးချနည်းပညာ အခြေခံသင်တန်းဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် သစ်သီးဝလံတန်ဖိုးမြှင့် အသုံးချနည်းပညာ အခြေခံသင်တန်း အမှတ်စဉ်(၁)ကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၈ရက်မှ ၁၄ရက်အထိ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ရိတ်သိမ်းချိန်လွန် နည်းပညာ အသုံးချဌာန သင်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချမည် ဖြစ်သည်။

ယင်းသို့ဖွင့်လှစ်ရာတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး အသက်(၂၅)နှစ်နှင့် (၅၅)နှစ်အကြားရှိသူ သင်တန်းသား ၇၀ အား လက်ခံပို့ချပေးမည်ဖြစ်သည်။ သင်တန်း တက်ရောက်လိုသူများသည် မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အမှတ်(၂၆၂/၂၆၄)ပြည်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဒဂုံစင်တာ Block (A)6th Floorဖုန်း-၅၀၃၅၁၅၊ ၅၀၃၅၁၆မှ ၅၀၃၅၁၉အထိ လိုင်းခွဲ(၁၁၃)တွင် လျှောက်လွှာထုတ်ယူနိုင်ပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ရက်နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အထက(၅)ဗိုလ်တထောင် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၀၂ခုနှစ်မှ ၂၀၀၅ခုနှစ်အတွင်း တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ အာစရိယပူဇော်ပွဲကို အဆိုပါကျောင်း၌ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေများကို ကိုကြည်မင်းထွန်း ဖုန်း-၂၄၂၁၇၄၊ မစိုးသဥ္ဇာအန်း ဖုန်း-၂၅၄၈၀၃(၂၀၀၂ခုနှစ်)၊ ကိုကျော်ဇင်ဦး ဖုန်း-၇၀၆၃၄၆၊ ကိုထက်ဝေဦး ဖုန်း-၂၉၀၅၂၁(၂၀၀၃ခုနှစ်)၊ ကိုဆောင်းဦးကိုကို ဖုန်း-၂၉၄၅၄၈၊ မအိပေမာန်အောင် ဖုန်း- ၂၉၆၆၂၇(၂၀၀၄ခုနှစ်) တို့ထံဆက်သွယ်လှူဒါန်းနိုင်ပြီး ကျောင်းသား ကျောင်းသူဟောင်းများလည်း မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်တာနက် ကျန်းမာရေးသတင်း

အိဒ်စ်ရောဂါ ကာကွယ်ဆေး တရုတ်၌ဒုတိယအကြိမ်စမ်းမည်

ပေကျင်း ဒီဇင်ဘာ ၂၀

လာမည့်နှစ်အစောပိုင်းတွင် လူသားများအပေါ်၌ အိဒ်စ်ရောဂါကာကွယ်ဆေးသစ်ကို ဒုတိယအကြိမ်စမ်းသပ်ထိုးနှံကြည့်ရန် တရုတ်ပညာရှင်များက ပြင်ဆင်စိုင်းပြင်းလျက် ရှိသည်။

အိဒ်စ်ရောဂါကာကွယ်ဆေး စမ်းသပ်မှုကို ပေကျင်းမြို့၌ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းစမ်းသပ်မှုတွင် ပါဝင်ဆောင်ရွက်ကြမည့် စေတနာရှင်အမျိုးသားနှင့် အမျိုးသမီးများရရှိရန် လိုလားနေကြောင်း ပညာရှင်ရှိုရီမန်ကပြောကြားသည်။ ၎င်းသည် အမျိုးသားအိဒ်စ်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနမှ အကြီးအကဲဖြစ်သည်။

ဒီဇင်ဘာ၁၇ရက်တွင် ကျင်းပသည့် တရုတ်-အမေရိကန် အိဒ်စ်ရောဂါကာကွယ်ဆေး ထုတ်လုပ်ရေးသုတေသနဆွေးနွေးပွဲတွင် ၎င်းက တရုတ်နိုင်ငံ၏ အစီအစဉ်များကို ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။ အစမ်းသပ်ခံသူ အရေအတွက်မည်မျှကို ကာကွယ်ဆေးစမ်းသပ်ထိုးနှံပေးမည်ဆိုသော အချက်ကိုမူ ၎င်းပညာရှင်ကထုတ်ဖော် ပြောကြားခြင်းမရှိပေ။

ယခုစမ်းသပ်မည့် အိဒ်စ်ရောဂါကာကွယ်ဆေးသစ်ကို ဆေးရုံဆေးခန်းအဆင့်တွင် စမ်းသပ်နိုင်ကြောင်းခွင့်ပြုချက်ကို တရုတ်ဆေးဝါးအာဏာပိုင်များက နိုဝင်ဘာလကတည်းက ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ယင်းအိဒ်စ်ရောဂါကာကွယ်ဆေးသစ်ကို ရီးစစ်ခေါ်မျောက်မျိုးများအပေါ်တွင် ကနဦးစမ်းသပ်ကြည့်ခဲ့ရာခုခံအားကျရောဂါကို ကာကွယ်နိုင်ပြီး ဘေးအန္တရာယ်ကင်းရှင်းစိတ်ချရသည်ကိုလည်း လေ့လာတွေ့ရှိရပြီးဖြစ်သည်ဟုဆိုသည်။

တရုတ်နိုင်ငံသည် ကာကွယ်ဆေးအသစ်ကို ၂၀၀၅ခုနှစ်မတ်လအတွင်းကလည်း ပထမဆုံးအကြိမ်အဖြစ် ကွမ်စီကျွမ်းပြည်နယ်မှ ဝေဒနာရှင်လူသားများအပေါ်၌စမ်းသပ်ကြည့်ခဲ့ပြီးဖြစ်သည်။ ထိုစဉ်က အသက် ၁၈နှစ်နှင့် အသက် ၅၀အကြားရှိ အမျိုးသား ၃၃ဦးနှင့် အမျိုးသမီး ၁၆ဦးတို့ကို စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့အပေါ်တွင် အဆိုပါကာကွယ်ဆေးသစ်ကြောင့် တစ်စုံတစ်ရာဆိုးကျိုးဖြစ်ပေါ်သည်ကို မတွေ့ခဲ့ရဟုဆိုသည်။

အိဒ်စ်ရောဂါကာကွယ်ဆေးအမျိုးမျိုးကို ကမ္ဘာတစ်ဝန်းရှိအခြားနိုင်ငံများတွင် ဆေးရုံဆေးခန်းအဆင့်စမ်းသပ်ခဲ့သည်မှာ အကြိမ် ၁၂၀ခန့် ရှိခဲ့ပြီဖြစ်သည်။ ***အင်တာနက်။***

ဖဲကြိုးဖြတ်ဖွင့်လှစ်

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(တာမွေမြို့နယ်)ကကြီးမှူး၍ MANA (Project) UNFPAတို့ကူညီပံ့ပိုးမှုဖြင့် ၂၀၀၆ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြေစိုက် ဆိုင်းဘုတ်ဖွင့်ပွဲကို ဒီဇင်ဘာ ၈ရက်က ကျိုက္ကဆံလမ်းနှင့် သမိန်ဗရမ်းလမ်း ထောင့်ရှိ တာမွေပန်းခြံတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးလှဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၈)

မြန်မာနိုင်ငံ သူနာပြုအသင်း ညီလာခံ ကျင်းပမည့်ရက် ပြောင်းလဲသတ်မှတ်

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံ သူနာပြုအသင်း၏ (၅၁)ကြိမ်မြောက် ညီလာခံနှင့် အခြေခံစည်းမျဉ်း(မူကြမ်း)ဆွေးနွေး အတည်ပြုချက်ရယူပွဲကို ဒီဇင်ဘာ ၂၇ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ခန်းမဆောင်ကြီး၌ ကျင်းပမည့်အစား ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၃ရက်မှ ၁၅ရက်အထိ ပြောင်းလဲ၍ကျင်းပသွားမည်ဖြစ်သည်။

သတင်းပို့

နယ်ကိုယ်စားလှယ်များသည်ရန်ကုန်မြို့သို့ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၀ရက် ထက်မစော ၁၂ရက်ထက် နောက်မကျစေဘဲ ရောက်ရှိ သတင်းပို့ရန်ဖြစ်ပြီး ဇန်နဝါရီ ၁၂ရက် ညနေ ၃နာရီအထိ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)ရုံး၌ ညီလာခံကိုယ်စားလှယ် မှတ်ပုံတင်နိုင်ကြောင်းနှင့် အသေးစိတ် သိလိုပါက ဖုန်း-၀၁-၃၈၈၆၃၁သို့ ဆက်သွယ်စုံစမ်း နိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

သာစည်-မြင်းခြံ ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှု ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၁၆ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် မိတ္ထီလာမြို့၌ မိတ္ထီလာခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြို့နယ်အင်ဂျင်နီယာရုံးတို့သို့ ရောက်ရှိရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ရှင်းလင်းခန်းမ၌ မိတ္ထီလာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးလှကျော်မောင်က သာစည်ဓာတ်အားခွဲရုံမှ ၃၃ KV ဓာတ်အားလိုင်းဖြင့် လက်ခံရရှိပြီး မိတ္ထီလာမြို့နယ်သို့ ၃၃ KV ဓာတ်အားလိုင်း လေးလိုင်းဖြင့် ဓာတ်အားပို့လွှတ်ထားမှုအခြေအနေများကို လည်းကောင်း၊ မိတ္ထီလာစက်မှုဇုန်သို့ ဓာတ်အားပေးထားမှု အခြေအနေများကို လည်းကောင်း၊ မြို့နယ်အတွင်း တပ်ဆင်ထားရှိသောထရန်စဖော်မာ ၁၆၇ လုံးဖြင့် ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက မိမိမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား အပြည့် အဝရရှိရေးအတွက် System Improvement ဆောင်ရွက်ရန်တို့ကို အမြန်ဆုံးဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်ထွေးက ဝမ်းတွင်းမြို့နယ်၏ ဓာတ်အား လက်ခံရရှိမှု၊ ရရှိသော လျှပ်စစ်ဓာတ်အားပေါ် မူတည်ပြီး အုပ်စုခွဲ၍ အလှည့်ကျဓာတ်အား ဖြန့်ဖြူးမှု အခြေအနေများကိုလည်းကောင်း၊ မလှိုင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ဝင်းက မိမိမြို့နယ်၏ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှု၊ ထရန်စဖော်မာ ၃၂လုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ထရန်စဖော်မာ နေရာပြောင်းရွှေ့ တပ်ဆင်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ သာစည်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအေးကြူက မိမိမြို့နယ်၏ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဖြန့်ဖြူးပေးနေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်က ဝမ်းတွင်းမြို့နယ် လျှပ်စစ်ဓာတ်အားလိုင်းများအခြေအနေနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများအတွက် အသုံးပြုမည့် မီတာအမျိုးအစားကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်နိုင်ရေးတို့ကို လည်းကောင်း၊ မိတ္ထီလာခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းက မိမိခရိုင်အတွင်း ယူနစ်ပျောက်ဆုံးမှု အနည်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် လျှပ်စစ်ဓာတ်အားသုံးစွဲခ လာရောက်ငွေသွင်းသူ ပြည်သူများအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုစနစ်များကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာ-မြင်းခြံ ကားလမ်းဘေးတွင် တည်ရှိသော မလှိုင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိရာ မြို့နယ်ရုံးခန်းမ၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ဝင်းက လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဖြန့်ဖြူးပေးမှု အခြေအနေများ၊ မြို့နယ်ရုံးခွဲ၌ ထရန်စဖော်မာများ နေရာပြောင်းရွှေ့ တပ်ဆင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံ၍ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး လျှပ်စစ်မီးပျက်ပြုပြင်ရေးဌာနနှင့် မြို့နယ်ရုံး ထရန်စဖော်မာများထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော သာစည်-မြင်းခြံ ၁၃၂ KV ဓာတ်အားလိုင်းတွင် အသုံးပြုမည့် ဓာတ်အားလိုင်းကြိုးများ စုပုံထားရှိမှုကိုလည်းကောင်း၊ ထရန်စဖော်မာများ နေရာပြောင်းရွှေ့မည့် လျာထား မြေနေရာကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော ၁၃၂ KV သာစည်-မြင်းခြံ ဓာတ်အားလိုင်း တည်ဆောက်မှု လုပ်ငန်းခွင်သို့ ဝင်ရောက်ကြည့်ရှုရာ စီမံကိန်းမန်နေဂျာ ဦးစန်းတင့်က ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၆ခုနှစ် ဇူလိုင် ၁၅ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၃၂ KV သာစည်-မြင်းခြံ ဓာတ်အားလိုင်း မိုင် ၆၅မိုင်ဖြစ်ပြီး ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကြိုးဆွဲခြင်းလုပ်ငန်းမှာ ၁၅ဒသမ ၄မိုင်ဖြစ်သဖြင့် လုပ်ငန်း ၂၄ ရာခိုင်နှုန်း ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းကို လျှပ်စစ်ကျွမ်းကျင်လုပ်သားများ စွန့်စွန့်စားစား ကြိုးပမ်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးကို အလေးထား ဆောင်ရွက်စေလိုကြောင်းနှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးအောင် ဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မိတ္ထီလာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲခ လာရောက်ငွေသွင်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ သမိုင်းဝင် ရှေးဟောင်း ဉာဏ်တော်မြင့် စိန္တာမုနိစေတီကြီးစေတီတော် ဆောက်လုပ်ဆဲ ၉၉၀၀ မွှာရုံတိုင်တစ်လုံးအတွက် အလှူငွေကျပ် ၈၁၀၀၀ ကို ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် လောကနတ်နိဗ္ဗာန်ဆိုင်ကုန်သည် ဦးကျော်သိန်း-ဒေါ်အေးစီ မိသားစုက ပေးအပ်လှူဒါန်းရာ ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ အတွင်းရေးမှူး ဦးခင်မောင်ညွှန့်၊ ဘဏ္ဍာရေးမှူး ဒေါ်အမာဆွေတို့ လက်ခံရယူစဉ်။ (၆၁)

ရွှေနေချုပ်ရုံး နေပြည်တော် ဒီဇင်ဘာလ အားကစားပြိုင်ပွဲများကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

ရှေ့နေချုပ်ရုံး နေပြည်တော်၌ ပထမအကြိမ် ကျင်းပသည့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ အားကစားလ လူထုလှုပ်ရှားမှု အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ပြုလုပ်သည်။

အခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးကျော်စိန်နှင့် ဦးဟန်ညွှန့်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အားကစား ပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ဒုတိယရှေ့နေချုပ်က ဂိုးကျဉ်းဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အသင်းများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က ထုပ်ဆီးတိုးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အသင်းများအားလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက ကျန်အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအားလည်းကောင်း ဆုများကို ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန မော်လမြိုင်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီ၊ မြို့နယ်အလုပ်သမားဦးစီးအရာရှိဒိုင်း ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ်ကျောင်းသား အားကစားကွင်း၌ ကျင်းပရာ လုပ်သားစုမှူး ဦးတင့်လွင် အကောင်းဆုံးဆုရ အထွေထွေ လုပ်သားအဖွဲ့(၃) ဘောလုံးအသင်း ဂိုးသမား ဝင်းကိုကိုအား ဆုချီးမြှင့်စဉ်။ (၂၅၇)

လှူဒါန်း

အထက(၁) အင်းစိန် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၀ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းများ လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၂-၂၀၀၆ (ကြာသပတေးနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ သိကြားမင်းရေးသော ခရီ့စာတမ်းတရားတော် (သီတဂူဆရာတော်)
၇:၄၅ ယနေ့သိပ္ပံနှင့်နည်းပညာ
၈:၀၀ တေးဂီတအစီအစဉ်
၈:၀၅ စွန့်ပစ်ပစ္စည်းအကျိုးရှိစေမှာ ဇီဝဓာတ်ငွေ့ပေါင်းအိုးပါ
၈:၂၀ တေးဂီတအစီအစဉ်
၈:၂၅ ပြည်တွင်းသတင်းအကျဉ်း
၈:၃၅ Music Talk (ရာစုနှင့်တွေ့ဆုံခြင်း)
၉:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၁၅ ပြည်တွင်းအနုပညာရေးရာ
၉:၄၀ တေးဂီတအစီအစဉ်
၉:၄၅ လက်ဖက်စိုက်တဲ့ ရွာကလေး
၁၀:၀၀ တေးဂီတအစီအစဉ်
၁၀:၀၅ အလျော်အစား (ဇင်ဝိုင်း၊ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၀:၂၀ မိုးလေဝသခန့်မှန်းချက်
၁၀:၂၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုင်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (အဝလွန်ခြင်း၊ကာလသားရောဂါနှင့် AIDS ရောဂါအကြောင်း)
၁၀:၅၅ တေးဂီတအစီအစဉ်
၁၁:၀၀ ပတ်ဝန်းကျင်သန့်ရှင်းဖို့ရာ ရေဆိုးသန့်စင်စက်ရုံက ကူညီမှာ
၁၁:၂၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၅ တေးဂီတအစီအစဉ်
၁၁:၄၀ Game Guide (Need For Speed)
၁၂:၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၂၀ သွားမယ်၊ စားမယ် (Zephyr) ကို သွားမယ် (အညာပဲထမင်းစားမယ်)
၁၂:၃၅ တေးဂီတအစီအစဉ်
၁၂:၄၀ ဖွံ့ဖြိုးဝေစည် သာယာလှပ ရောတိုင်းမှ ဝါးခယ်မ
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ နေ့လည် ၁ နာရီအထိ တစ်ကြိမ်၊ နေ့လည် ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀-၁၂-၂၀၀၆

မော်လိုက်

၁ ဒသမ ၂၂ လက်မ

ရွှေဘို

၀ ဒသမ ၁၂ လက်မ

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အလုပ်သဘောခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အလုပ်သဘောခရီးလည်ပတ်ရန် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာသည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D. Samarasekera နှင့် ဇနီးနှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကျောက်မျက်ရတနာပြတိုက်

ထို့နောက် ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D. Samarasekera ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေး စေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြကွက်အလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးချုပ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်သို့ ရောက်ရှိကြရာ အလှည့်ကျ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံမြင့်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မင်းဓမ္မကုန်းတော်၌ သီတင်းသုံးကိန်းဝပ်စံပယ်လျက်ရှိသည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ပန်းများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ် အဖွဲ့အား ဂေါပကအဖွဲ့ဝင် ဦးကျော်မြင့်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်အား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌတို့က လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ကြပြီး ဧည့်သည်တော် ဝန်ကြီးချုပ်က ငွေထည်အနုပညာ လက်ရာပစ္စည်းကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ် အဖွဲ့သည် မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြပြီး မင်းဓမ္မကုန်းတော်ရှိ သာသနိက အဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြသည်။



ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာ နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ အာနန္ဒာစေတီတော်ကို ဖူးမြော် ကြည်ညိုကြစဉ်။ (သတင်းစဉ်)

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရတနာဆင်ဖြူတော်

ထို့နောက် ဧည့်သည်တော် ဝန်ကြီးချုပ် ခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် ရတနာဆင်ဖြူတော်ဆောင်သို့ရောက်ရှိကြရာ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ညိမ်းက ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာများအကြောင်း၊ အမည်ဘွဲ့တော်များနှင့် ပေါ်ထွန်းသည့် နေရာတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်သည် ရတနာဆင်ဖြူတော်များဖြစ်ကြသည့် ရာဇဂဟ သိရီပစ္စယ ဂဇရာဇာ၊ သိင်္ဂီမာလာနှင့် ရတီမာလာ တို့အား ကြည့်ရှုလေ့လာပြီး ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ် အဖွဲ့သည် ရတနာဆင်ဖြူတော်များ အား အစာအာဟာရများကို ကျွေးမွေး လှူဒါန်းကြသည်။

ရွှေတိဂုံစေတီတော်

ညပိုင်းတွင် ဧည့်သည်တော်ဝန်ကြီးချုပ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြရာ ရှေးဦးစွာ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် စေတီတော် ရင်ပြင် ဧည့်ခံတန်ဆောင်းအတွင်းရှိ ရွှေတိဂုံစေတီတော်ပုံတူ ရွှေစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး စေတီတော် အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ဂေါပကအဖွဲ့ဝင်တို့က လက်ခံကြပြီး ရွှေတိဂုံစေတီတော် ဓာတ်ပုံကို ဓမ္မလက်ဆောင် အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ်အား ဂေါပကအဖွဲ့ဝင် ဦးဘရွှေက လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်၏ သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်သည် စေတီတော်ရင်ပြင် ကျောက်စိမ်း တန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မြောက်ဘက် အာရုံခံ တန်ဆောင်းအတွင်းရှိ ဂေါတမဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ဖူးမြော်ကြည်ညိုပြီး တန်ဆောင်း အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များ အား ရွှေသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီး ချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် စေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည် ဖူးမြော်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များနှင့် မြန်မာ့ဗိသုကာပညာ အနုပညာ လက်ရာများကို ကြည့်ရှုလေ့လာကြသည်။

ပုဂံ-ညောင်ဦး

ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D. Samarasekera ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁၉ရက် နံနက် ၁၀နာရီ ၄၅မိနစ်တွင် အထူး လေယာဉ်ဖြင့် ရန်ကုန်မြို့မှ မန္တလေးတိုင်း ပုဂံ-ညောင်ဦးသို့ရောက်ရှိကြသည်။

ဧည့်သည်တော် ဝန်ကြီးချုပ် ခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပုဂံ-ညောင်ဦး လေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် ဝန်ကြီး ချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၏ စိမ်းလန်းစိုပြည်မှုနှင့် သန့်ရှင်းသာယာလှပမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ရွှေစည်းခုံစေတီတော်ဖူးမြော်

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ သည် မွန်းလွဲပိုင်းတွင် ရွှေစည်းခုံ စေတီတော်သို့ရောက်ရှိကြပြီး အရှေ့ ဘက် အာရုံခံတန်ဆောင်း ကြေးမတ် ရုပ် ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ် စံပယ်လျက်ရှိသော ကကုသန် ဗုဒ္ဓ ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို ပြီး ပန်းများဖြင့် ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ သည် ထီးတော်မဏ္ဍပ်မှနေ၍ ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာ တိုင်များဖြင့် ဆက်ကပ်လှူဒါန်းကာ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီး ချုပ်သည် စေတီတော်၏ ဧည့်သည် တော်မှတ်တမ်းစာအုပ်တွင် လက်မှတ် ရေးထိုးသည်။

ယင်းနောက် စေတီတော်၏ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစောမောင်က ဧည့်သည်တော် ဝန်ကြီးချုပ်အား ရွှေစည်းခုံစေတီ ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ရာ ဧည့်သည်တော် ဝန်ကြီး ချုပ်က ဂေါပကအဖွဲ့အားလက်ဆောင် ပစ္စည်း ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ သည် မှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်အား စေတီတော်၏သမိုင်း ကြောင်း အကျဉ်းနှင့် သာသနိက အဆောက်အအုံများ၏ မြန်မာမှု အနုပညာလက်ရာများအကြောင်းကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်း ပြောကြားသည်။

အာနန္ဒာစေတီတော်

ထိုမှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ် အဖွဲ့သည် အာနန္ဒာစေတီတော်သို့ ရောက်ရှိကြပြီး အနောက်ဘက်မုခ် ဂန္ဓကုဋိတိုက်ရှိ ဂေါတမဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်းနှင့် ရေချမ်းများဖြင့် ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်သည် စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်အား စေတီတော်ဂေါပက အဖွဲ့ဝင်တစ်ဦးက အာနန္ဒာစေတီ ပုံတော် ယွန်းရွှေရေး ပန်းချီကားချပ်ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ရှေးဟောင်းသုတေသနပြတိုက်

ထို့နောက် ဧည့်သည်တော်ဝန်ကြီး ချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိကြပြီး ပင်မပြခန်းအတွင်း ခင်းကျင်းပြသထားသော ရှေးဟောင်း အနုပညာ လက်ရာများကို ကြည့်ရှု လေ့လာကြပြီး သုံးဖက်မြင် ပုဂံ မြင်ကွင်းကျယ် ရှုခင်းပန်းချီကားရှေ့ တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ သည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ သည် ပြတိုက်အတွင်း ခင်းကျင်းပြသ ထားသည့် ပုဂံခေတ် လူနေမှုဘဝ

✪ ကျောဖုံးမှ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများကလည်း နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အလေးပြုခြင်းခံယူ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ်ခရမ် မာနာရာကာတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အတူ လိုက်ပါလာကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသော အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

ယင်းနောက် ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တ တည်းခိုမည့် နေပြည်တော်ဟိုတယ်ဇုန်သို့ ထွက်ခွာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပြခန်း၊ ပုဂံခေတ် ဗိသုကာပြခန်းနှင့် ပုဂံနန်းမြို့ပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော် ဝန်ကြီးချုပ်သည် အစည်းအဝေးခန်းမ၌ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယွန်းထည်ဆိုင်လေ့လာ

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းမိသားစု ယွန်းထည်ဆိုင်သို့ သွားရောက်၍ မြန်မာမှုအနုပညာလက်ရာ ယွန်းထည်ပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်အား ဦးဘငြိမ်းမိသားစုဝင်တစ်ဦးက ဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတော် ယွန်းရွှေရေး ပန်းချီကားချပ်ကို ဓမ္မလက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ညပိုင်းတွင် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ရွှေနန်းတော် ဟိုတယ်(Aureum Palace Hotel)၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာ သုံးဆောင်အပြီးတွင် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ဧည့်သည်တော် ဝန်ကြီးချုပ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၀ရက် နံနက်ရနာရီခွဲတွင် အထူးလေယာဉ်ဖြင့် ညောင်ဦးမြို့မှ နေပြည်တော်သို့ ဆက်လက်ထွက်ခွာကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပုဂံ-ညောင်ဦး လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာတို့ နေပြည်တော်လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

အက်စကက်အစည်းအဝေး တက်ရောက်ရန် ဝန်ကြီး ဦးစိုးသာ ထိုင်းနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၂၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆက်လက်ကျင်းပမည့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)၏ (၆၂)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ရန် ဒီဇင်ဘာ ၁၉ရက်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဝန်ကြီး ဦးစိုးသာအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၂-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၆။ ကျေးပင်အက်ရေလှောင်တမံ
၈:၂၀ ၇။ အကပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၂။အစီအစဉ်ပြီး၏။

ညပိုင်း

၃:၂၀ ၁။ **နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အင်ဒိုနီးရှားဘောလုံးအသင်းနှင့် မလေးရှား ယူ-၂၃ ဘောလုံးအသင်း)**
၅:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
၅:၅၀ ၄။ **နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာ ယူ-၂၃ ဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း)**
၈:၀၀ ၅။ ပြည်တွင်းသတင်း
၆။ နိုင်ငံတကာသတင်းများ
၇။ မိုးလေဝသအခြေအနေ
၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ပထမချစ်ပုံပြင်" (အပိုင်း-၂၇)**
၉။ နောက်တစ်နေ့အစီအစဉ်
၁၀။အစီအစဉ်ပြီး၏။

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်ပွဲတော် အထူးစည်ကား

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်ပွဲတော်၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်နှင့် ပထမအကြိမ် ပန်းပွဲတော်တို့ကို ပြည်သူများ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေအနားယူကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၀

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သစ်တောရေးရာ ဝန်ကြီးဌာနက ကြီးမှူးကျင်းပလျက်ရှိသော အမျိုးသား ကန်တော်ကြီးဥယျာဉ် စိန်ရတု အထိမ်းအမှတ် ပွဲတော်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်နှင့် ပထမအကြိမ် ပန်းပွဲတော်များကို ဒီဇင်ဘာ ၁၄ရက်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၃ရက်အထိ တစ်လကြာ ဆက်လက်ကျင်းပလျက်ရှိသည်။

ပွဲတော်ကာလအတွင်း ဒီဇင်ဘာ ၁၄ရက်မှ ၁၈ရက်အထိ ငါးရက်ကြာ ပျော်ပွဲရွှင်ပွဲများပါဝင်ခဲ့ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် ရှမ်းပြည်နယ်တို့မှ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေသူပေါင်း သုံးသိန်းရှိခဲ့သည်။

ဒီဇင်ဘာ၁၉ရက်တွင်လည်း အမျိုးသား ကန်တော်ကြီးဥယျာဉ်၊ အမျိုးသား အထိမ်းအမှတ် ဥယျာဉ်နှင့် ပန်းပွဲတော်တို့တွင် လာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်းပြင်ကြီးဝိုင်း မွေးမြူရေးဇုန်များဖော်ထုတ်မှု ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၈ရက် နံနက် ၈နာရီခွဲတွင် မန္တလေးတိုင်း လယ်ဝေးမြို့ရှိ မင်းပြင်ကြီးဝိုင်း(၁) မွေးမြူရေးဇုန်ဖော်ထုတ်မည့် မြေနေရာများကိုသွားရောက် ကြည့်ရှုစစ်ဆေးသည်။

ပေါင်းစပ်ဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ် မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် မွေးမြူသူများနှင့် တွေ့ဆုံကာ မွေးမြူရေးဇုန်အတွင်း အခြေအနေပေးသည့်နေရာများ၌ စိုက်ပျိုးရေးသာမက စိုက်ပျိုးရေးအခြေခံသည့် မွေးမြူရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်နိုင်အောင် ပေါင်းစပ်ဆောင်ရွက်သွားရန်၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ရောဂါကာကွယ်ဆေးများ ထိုးနှံဆောင်ရွက်သွားရန်နှင့် ဒေသခံနွားများကို နွားမျိုးမြှင့်တင်မွေးမြူသွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မင်းပြင်ကြီးဝိုင်း(၂) မွေးမြူရေးဇုန် ဖော်ထုတ်မည့်မြေနေရာများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါမွေးမြူရေးဇုန်များ၌ နွားများကို အဓိကထားမွေးမြူသွားမည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းရှင်များက ဒီဇင်ဘာ နောက်ဆုံးပတ်မှစ၍ နွားများကို ပြောင်းရွှေ့ထည့်သွင်းမွေးမြူသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး
စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းအတွက် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းအဖြစ် အောက်ဖော်ပြပါလုပ်ငန်းကြီး(၅)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်–

(၁) စေတီတော်ကြီးအား ရွှေစင်ရွှေပြားနှင့် မျက်ပါးရွှေသင်္ကန်းများကပ်လှူခြင်း၊
(၂) မုခ်ဦးနှင့် မဟာရံတံတိုင်းတို့ကို ဆေးသုတ်မွမ်းမံခြင်း၊
(၃) ရင်ပြင်တော်လျှောက်လမ်းကို နေပူခံကျောက်ပြားများခင်းခြင်း၊
(၄) သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံ ဆေးသုတ်ခြင်း၊
(၅) လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

အဆိုပါလုပ်ငန်းကြီး(၅)ရပ်အတွက် စေတနာရှင်၊ ကုသိုလ်ရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်း ကုသိုလ်ယူလိုပါက အောက်ပါဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်–

– ဦးခင်မောင်ဌေး၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖုန်း–၀၁–၅၃၅၅၅၃၊ ၅၃၅၈၀၀
– ဗိုလ်မှူးကြီးအောင်မျိုးမြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖုန်း–၀၁–၅၃၇၉၄၉၊ ၅၃၅၉၇၃
– ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း–၀၁–၂၉၀၄၂၅

ရွှေဘုန်းပွင့်စေတီတော်
ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဗဟိုကော်မတီ

ထူးခြားသည့် ညအပူချိန်

(၂၀–၁၂–၂၀၀၆)

ဟဲဟိုး
၄ ဒီဂရီစင်တီဂရိတ်

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဒီဇင်ဘာ ၁၈ရက် နံနက် ၇နာရီခွဲတွင် စစ်ကိုင်းမြို့ရှိ စစ်ကိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ခရိုင်အဆင့် ကျပန်းစကားပြောပြိုင်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် အသင်းသားအသင်းသူများ၏ ကျပန်းစကားပြောယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် အလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စစ်ကိုင်းတိုင်းအသင်းနှင့် စစ်ကိုင်းခရိုင်အသင်းတို့မှ အတွင်းရေးမှူးများ၊ အမှုဆောင်များနှင့်အတူ မြင်းမူမြို့နယ် ခြေရာတော်ကျေးရွာ အလယ်တန်းကျောင်းခွဲ၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်၍ အသင်း၏ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ခြေရာတော်ကျေးရွာ၊ ကျော့မင်းကျေးရွာနှင့် ခြေရာတော်ရွာသစ်ကျေးရွာတို့မှ စုပေါင်းပေးအပ်သော အသင်းဝင် အဆိုပြုလွှာ ၃၁၀၃ စောင်ကို လက်ခံယူကာ အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအေးမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ချောင်းဦးမြို့နယ် တောကျောင်းလေးကျေးရွာ၌ ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းဖွင့်ပွဲနှင့် အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်း အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အသင်းကြီးက ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး (၂၁)လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ ကျောင်းသုံး ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

နှစ်ဖက်ဘိုးဘွားမိဘများအား ရည်စူးပြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (၂၅) ရပ်ကွက်၊ သံသုမာလမ်းနေ ဦးနေဝင်း–ဒေါ်စန်းစန်းညွန့်၊ သမီး မအေးမြတ်မွန်–ခင်ပွန်း မောင်နေလင်းသန်း၊ သားကြီး မောင်သီဟဇော်၊ သားငယ်မောင်ပြည့်ဖြိုးမိသားစုတို့က သုဝဏ္ဏမြို့ (၂၅)ရပ်ကွက်ရှိ စစ်ကိုင်းစာသင်တိုက်ကြီးအတွက် နဝကမ္မ အလှူတော်ငွေကျပ် ၁၅၀၀၀၀ နှင့် ကျောင်းလမ်း ဗုဒ္ဓဟူးပတ်ဆွမ်းလောင်းအသင်း ဓမ္မာရုံပြုပြင်ခြင်းအတွက် အလှူတော်ငွေကျပ် ၅၀၀၀၀ ကို စစ်ကိုင်းစာသင်တိုက် ပဓာန နာယက၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မာနန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

သုံးခွမြို့နယ် ကတုံးပေါ်အလယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကတုံးပေါ်အလယ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက်၌ ကျင်းပရာ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်တို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ယင်းနောက် စစ်ကုန်းဆရာတော် ဘဒ္ဒန္တ ဦးကောဝိဒက ကွန်ပျူတာ တစ်လုံး၊ ကတုံးပေါ် အလယ်ကျေးရွာ ပြည်သူများက ကွန်ပျူတာတစ်လုံး၊ ကတုံးပေါ်အလယ် ဓမ္မရက္ခိတ မူလ လယ်ပေါ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဦးပညာဝရက ကျပ်သုံးသိန်းခွဲတန် ရေချမ်းစင်၊ ကျေးရွာဥက္ကဋ္ဌ ဦးတင်ထွန်း၊ ဒေါ်ပုစိန်မိသားစုတို့က ကျပ် ၁၀ သိန်းတန် စက်ရေတွင်း၊ ဦးတင်မြနှင့် သားများက ကျပ် ၁၀ သိန်းတန် မီးစက်တစ်လုံး၊ ရန်ကုန်မြို့နေဦးဝင်းမြင့်–ဒေါ်မြ မိသားစုက ကျပ်နှစ်သိန်းတန် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပြီး ကျောင်းအုပ်ဆရာကြီးဦးသိန်းမောင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၂၄၅ အုပ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးညွန့်ရွှေက ကျေးရွာဥက္ကဋ္ဌ ဦးတင်ထွန်းထံ ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ (၂၃)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင် အောင်မြင်ခဲ့ကြသော စမ်းချောင်းမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူလေးများအား အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ပွဲကို နေနတ်သားစာသင်တိုက်၌ ဒီဇင်ဘာ ၁၂ရက်ကပြုလုပ်ရာ မြို့နယ်အဆင့်ယဉ်ကျေးမှုဘာသာရပ် ထူးချွန်ဆုရသူ အမက (၁၀)မှ မောင်ရဲသူအောင်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄)

SSA-S (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ဆီဆိုင်မြို့နယ်ရှိ ကျေးရွာများသို့ ဝင်ရောက်၍ ကျေးရွာလူကြီးများအား အတင်းအဓမ္မဖမ်းဆီး၊ ပြန်ပေးငွေများတောင်းခံ

နေပြည်တော် ဒီဇင်ဘာ ၂၀

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

အေးချမ်းစွာ နေထိုင်ကြသည့် ပြည်သူလူထုအပေါ် လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျ၍ လူသတ်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ လုယက် စသည့် အကြမ်းဖက်အဖျက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ဒီဇင်ဘာ ၁၂ရက် ည ၉နာရီခန့်တွင်လည်း ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) SSA-S (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အင်အား ၁၅ ဦးခန့်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် တောင်ရှေ့ကျေးရွာအုပ်စု စလောင်းတောင်သို့ ရောက်ရှိလာပြီး ရွာလူကြီး ဖြားကိုင်နှင့် ဖြားပိုက်တို့အား ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ သောင်းကျန်းသူများက ရွာလူကြီးနှစ်ဦးအတွက် ပြန်ပေးငွေကျပ် ၁၂သိန်းကို အဓမ္မတောင်းခံသဖြင့် ရွာသူ ရွာသားများက စုဆောင်းရရှိငွေကျပ် ခုနစ်သိန်းဖြင့်သွားရောက်ရွေးယူရာ ရွာလူကြီး ဖြားကိုင်တစ်ဦးတည်းကိုသာ ပြန်လွှတ်ပေးခဲ့ပြီး ရွာလူကြီး ဖြားပိုက်အား ဆက်လက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် အဆိုပါ SSA-S (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ထိုနေ့ည ၁၀ နာရီခွဲခန့်တွင် ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာသို့ သွားရောက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှညွန့်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ငွေကျပ်သိန်း ၄၀ ဖြင့် လာရောက်ရွေးယူရန် မှာကြားကာ ည ၁၁ နာရီခန့်တွင် စလောင်းတောင်ဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ယင်း SSA-S (ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူများနောက်သို့ နယ်မြေခံတပ်များက လိုက်လံရှင်းလင်းချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂရင်းရွိုင်ရယ်ဖလား အဆုံးအဖြတ်ပွဲ ယနေ့ကျင်းပမည် မလေးရှားနှင့်အင်ဒိုနီးရှား၊ မြန်မာနှစ်သင်းတွေ့ဆုံ

သတင်း - ညီညီစိုးညွန့်

ရန်ကုန် ဒီဇင်ဘာ ၂၀

၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ (Grand Royal Challenge Cup 2006) ဒုတိယပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၉ ရက်က မန္တလေးမြို့ ဗထူးအားကစားကွင်းတွင် ဆက်လက်ကျင်းပခဲ့သည်။

ပထမပွဲစဉ်တွင် မြန်မာ(ယူ-၂၃) အသင်းနှင့် အင်ဒိုနီးရှား(ယူ-၂၃) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိဖြင့်သရေပွဲဖြစ်သွားသည်။ မြန်မာ (ယူ-၂၃)အသင်းသည် ဒီဇင်ဘာ၁၇ ရက် ပွဲဦးထွက်၌ မလေးရှား (ယူ-၂၃) အသင်းကိုအနိုင်ရထားသဖြင့် တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရထားသည်။ အင်ဒိုနီးရှား (ယူ-၂၃) အသင်းက ပွဲဦးထွက်တွင် မြန်မာ့လက်ရွေးစင်အသင်း ကို ရှုံးထားပြီး ယခုပွဲတွင် သရေကျသဖြင့် တစ်မှတ်သာရနေသည်။

မြန်မာ (ယူ-၂၃)အသင်းတွင် ပထမပွဲစဉ်၌ ခြေနာသွားသော နောက်ခံလူ ဟန်ဝင်းအောင်အစား ချမ်းချမ်းဝင်ကစားသည်မှအပ လူအပြောင်းအလဲမရှိသော်လည်း အင်ဒိုနီးရှား (ယူ-၂၃)အသင်းတွင် ကစားသမားလေးဦးအပြောင်းအလဲလုပ် ကစားသွားသည်။

အဆိုပါပွဲစဉ်တွင် အကောင်းဆုံးဘောလုံးသမားဆုကို အင်ဒိုနီးရှားအသင်းမှ Ahmad Bustomi ကရရှိပြီး IBTC မှဒါရိုက်တာ ဦးလွင်အောင်အေးက ဆုကြေး အမေရိကန်ဒေါ်လာ ၂၀၀ချီးမြှင့်သည်။

ပွဲအပြီးတွင် မြန်မာလူငယ်အသင်းနည်းပြချုပ် ဦးတင်မြင့်အောင်က "အသင်း၏ ကစားပုံကို အားမရသေးသော်လည်း ယနေ့ပွဲရလဒ်ကို ကျေနပ်ပါကြောင်း၊ ကစားသမားများမှာ စိုးရိမ်စိတ်များနေကြောင်း၊ အင်ဒိုနီးရှားအသင်း ယနေ့ပွဲ ကစားပုံသိပ်မကောင်းသော်လည်း နည်းစနစ်ပိုင်းနှင့်ပညာတို့တွင် ကောင်းကြောင်း" ပြောကြားသွားသည်။

အင်ဒိုနီးရှားအသင်း လက်ထောက်နည်းပြ မစ္စတာဘွိုင်းဂါဒန်က "ယနေ့ပွဲမှာ ပွဲကောင်းတစ်ပွဲဖြစ်ပါကြောင်း၊ မိမိတို့အသင်းမှာ ပထမပိုင်းတွင် အခွင့်အရေးသိပ်မရခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးသွင်းခွင့် များစွာရရှိခဲ့ပါကြောင်း၊ သို့သော် ကံမကောင်း၍ ဂိုးမရခဲ့ကြောင်း၊ မြန်မာအသင်း၏ နောက်တန်းမှာ တော်တော်ကောင်းပါကြောင်း၊ ဖျတ်ထုတ်မှုအား ကောင်းပါကြောင်း၊ မိမိတို့အသင်းမှာ ဖိုင်နယ်တက်ရေး အခွင့်အရေးနည်းသော်လည်း ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ဒုတိယပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှား(ယူ-၂၃) အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဒုတိယပိုင်း ၁၄ မိနစ်တွင် Bin Zambri သွင်းသည့် တစ်ဂိုးတည်းဖြင့် မလေးရှား(ယူ-၂၃)အသင်း အနိုင်ရသွားသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှား (ယူ-၂၃)အသင်းတို့သည် တစ်ပွဲစီနိုင်၊ တစ်ပွဲစီရှုံးဖြင့် သုံးမှတ်စီရရှိနေကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပထမပွဲခြေကိုမမီဘဲ အမှားများခဲ့သည်။ အထူးသဖြင့် မလေးရှား (ယူ-၂၃)အသင်းက မြန်မာ့လက်ရွေးစင်အသင်း ခေါင်းဆောင် စိုးမြတ်မင်းကို ထိန်းချုပ်ကစားသွားသည်။ မြန်မာအသင်း တိုက်စစ်မှူး စည်သူဝင်းမှာ ပထမပွဲစဉ်၌ ထိခိုက်မိ၍ ယခုပွဲတွင်ပါဝင်ကစားနိုင်ခြင်းမရှိ၍လည်း တိုက်စစ်အားလျော့ရသည်။

မြန်မာ့လက်ရွေးစင်နှင့်မလေးရှား (ယူ-၂၃)ပွဲတွင် အကောင်းဆုံးကစားသမားဆုကို အနိုင်ဂိုးသွင်းသူ Bin Zambri ကရရှိပြီး IBTC မှ ဒါရိုက်တာဦးလွင်အောင်အေးက ဆုကြေး အမေရိကန်ဒေါ်လာ ၂၀၀ ချီးမြှင့်သည်။

မလေးရှားအသင်းနည်းပြချုပ် Satianarthan က "ယနေ့ပွဲအနိုင်ရ၍ ပျော်ရွှင်မိကြောင်း၊ မြန်မာအသင်းကိုနိုင်ရန် မလွယ်ကြောင်း၊ သို့သော် ကွင်းတွင် ကျင့်သားရသွား၍ မိမိအသင်း ကောင်းစွာကစားနိုင်ခဲ့ကြောင်း၊ မိမိတို့အသင်း အနိုင်ရသော်လည်း အာဖရိက၌ကစားခဲ့သောခြေကို မမီကြောင်း၊ ချန်ပီယံဆုရမည်ဟု မျှော်မှန်းပါကြောင်း" ပြောကြားသွားသည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဦးဆန်းဝင်းက "မိမိအသင်းကို စတင်ကိုင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ရှုံးရသည့် နိုင်ငံတကာပွဲဖြစ်ပါကြောင်း၊ မလေးရှား (ယူ-၂၃)အသင်း ပွဲအစအဆုံး ကစားတာကောင်းကြောင်း၊ တစ်ဖက်အသင်းကို လျှော့မတွက်သော်လည်း မိမိအသင်းကစားပုံ မကောင်း၍ ရှုံးရခြင်းဖြစ်ကြောင်း၊ ယခုပွဲအမှားများကိုပြုပြင်ပြီး ဖိုင်နယ်တက်နိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ဒီဇင်ဘာ ၂၁ ရက် (ယနေ့) ညနေတွင် အဆုံးအဖြတ်ပေးမည့် ပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ညနေ ၃နာရီခွဲတွင် ပထမပွဲစဉ်အဖြစ် သုံးမှတ်ရထားသော မလေးရှား (ယူ-၂၃)အသင်းနှင့် တစ်မှတ်သာရထားသော အင်ဒိုနီးရှား(ယူ-၂၃)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်။ညနေ ၆နာရီတွင် ဒုတိယပွဲစဉ်အဖြစ်လေးမှတ်ရရှိထားသည့် မြန်မာ(ယူ-၂၃)အသင်းနှင့် သုံးမှတ် ရရှိထားသော မြန်မာ့လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(ကြေးမုံ)

သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ရပ်ကွက်လုံးဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဒီဇင်ဘာ ၁၇ရက်က ရတနာသိဒ္ဓိ နှစ်ကျိပ်ရှစ်ဆူအောင်ဓမ္မာရုံ၌ ကျင်းပစဉ်။ (၅၀၆)

တန့်ကြည့်တောင် ဝိပဿနာအခါ္ဌာန်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၀

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင် ဆရာတော်ကြီးသည် တန့်ကြည့်တောင် ဝိပဿနာရိပ်သာ (ရန်ကုန်)သို့ ကြွရောက်၍ ဝိပဿနာ ခုနစ်ရက်အခိဋ္ဌာန်ပွဲ သုံးပတ်ကို ဟောကြားပြသမည်။ ပထမပတ်ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက် ညနေမှ ၈ရက် နံနက်အထိ၊ ဒုတိယပတ်ကို ဇန်နဝါရီ ၈ရက် ညနေမှ ၁၅ရက် နံနက်အထိ၊ တတိယပတ်ကို ဇန်နဝါရီ ၁၅ ရက် ညနေမှ ၂၂ ရက်အထိပြုလုပ်မည်ဖြစ်ရာ တရားအားထုတ်လိုသူများသည် ရုံးဖုန်း- ၆၃၈၀၈၈နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကဝယ်ယူရန်အတွက် ရန်ကုန်တိုင်း လှိုင်မြို့နယ် ရတနာလမ်းနေ ဦးစိုင်းထွန်းမြင့်-ဒေါ်ခင်စန်းနွဲ့မိသားစုက ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သင့်သွေးဖြင့် အသက်ကယ်ပါ

အမျိုးသမီး ဟော်ကီအားကစားဖွံ့ဖြိုးရေး အားကစားပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမျိုးသမီးဟော်ကီ ဖွံ့ဖြိုးရေးဆပ်ကော်မတီသို့ ဟော်ကီမြက်ခင်းတုကုမ္ပဏီ (Polytan Germany)၏ ကိုယ်စားလှယ် Modern Builders International Co., Bangladesh မှ မန်နေဂျင်း ဒါရိုက်တာ Mr. Khurshid Alam နှင့် ဒါရိုက်တာ Mr. Ahmed Hashim Munee တို့က ငွေကျပ် သုံးသိန်းတန်ဖိုးရှိ ဟော်ကီတုတ်များနှင့် ဘောလုံးများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူ ဟော်ကီအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်၊ အမျိုးသမီးဟော်ကီအားကစား ဖွံ့ဖြိုးရေးဆပ်ကော်မတီဥက္ကဋ္ဌ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်နှင့် အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က မြန်မာ့ဟော်ကီအားကစား တိုးတက်ဖွံ့ဖြိုးလာရေး အတွက် ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟော်ကီအားကစားပစ္စည်းများဖြစ်ကြသော ဟော်ကီတုတ်များနှင့် ဘောလုံးများကို ဟော်ကီမြက်ခင်းတုကုမ္ပဏီ (Polytan Germany) ကိုယ်စားလှယ် Modern Builders International Co. Bangladesh မှ မန်နေဂျင်းဒါရိုက်တာ Mr. Khurshid Alam က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမျိုးသမီးဟော်ကီ အားကစားဖွံ့ဖြိုးရေးဆပ်ကော်မတီဥက္ကဋ္ဌ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်လှမြင့်တို့က လက်ခံကြသည်။

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီး ဟော်ကီ အားကစားပြိုင်ပွဲများကို လာမည့်ရာသီတွင် သိမ်ဖြူ ဟော်ကီ အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကလပ် အမျိုးသမီးဟော်ကီ အသင်းသုံးသင်းနှင့် ကျောင်းသူများပါဝင်သော ဟော်ကီအသင်း လေးသင်းတို့ကို စုစည်းထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

မန်နေဂျင်း ဒါရိုက်တာ Mr. Khurshid Alam က ဟော်ကီတုတ်များနှင့် ဘောလုံးများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမျိုးသမီး ဟော်ကီ အားကစားဖွံ့ဖြိုးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ အကယ်ဒမီဒေါ်ဆွေဇင်ထိုက်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်လှမြင့်တို့ လက်ခံယူစဉ်။ (ဟော်ကီအဖွဲ့ချုပ်)

မြန်မာဇာတ်ကားသစ် ပြဒါးမှဲ့မှန် ရုံဝင်မည်

ရုပ်ရှင်

ရန်ကုန် ဒီဇင်ဘာ ၂၀

ယခုသောကြာပတ် ဒီဇင်ဘာ ၂၂ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာ ရုပ်ရှင်ကားသစ် **"ပြဒါးမှဲ့မှန်"** ရုံတင်ပြသမည်ဖြစ်သည်။

ပြဒါးမှဲ့မှန်

စနိုးပိုက် ရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုလွင်(စနိုးပိုက်)၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ မောင်မောင်ဦး (စနိုးပိုက်)ရိုက်ကူးသည့် **"ပြဒါးမှဲ့မှန်"** ဇာတ်ကားမှာ မိဘမဲ့ ဆင်းရဲနွမ်းပါးသူ မိန်းကလေးငယ် တစ်ဦး၏ဘဝကို စာနာ စိတ်ဖြင့်ကူညီခဲ့သူ ဘွဲ့ရပညာတတ်လူငယ်တစ်ဦး၏ ဇာတ်လမ်းကို ဖော်ညွှန်း ရိုက်ကူးထားခြင်းဖြစ်သည်။ အဆိုပါ ဇာတ်ကားတွင် နိုင်းနိုင်း၊ နန္ဒာလှိုင်နှင့်မေသန်းနုတို့ ခေါင်းဆောင် ပါဝင်ထားကြပြီး သမ္မတ၊ သွင်နှင့်မင်္ဂလာရုံများတွင် တစ်ပြိုင်တည်းပြသမည်ဖြစ်သည်။

လွမ်းအောင်ရယ်တတ်သူ

ရွှေ့ဆောင်ရုံတွင် ပန်းဝေဝေရုပ်ရှင်မှ ဒါရိုက်တာမောင်ဝဏ္ဏ ရိုက်ကူးသည့် **"လွမ်းအောင် ရယ်တတ်သူ"** ဇာတ်ကား ဆက်လက် ပြသမည်ဖြစ်သည်။ ထိုဇာတ်ကားတွင် ကျော်ရဲအောင်၊ မေသဥ္ဇာဦး၊ ပြေဇင်နှင့် သက်မွန်မြင့်တို့ ပါဝင်ကြသည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် နောက်ဆုံးရိုက်ကူး ထုတ်လုပ်လိုက်သည့် ဂျိမ်းစ်ဘွန်း ဇာတ်လမ်းတွဲသစ်ဖြစ်သည့် Casino Royale ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ ဂျိမ်းစ်ဘွန်းကားများ၏ ထုံးစံအတိုင်း စွန့်စားမှုအသားပေး ဇာတ်ကြမ်းကားဖြစ်ပြီး သိပ္ပံပစ္စည်းသစ် အထူးအဆန်းများကိုလည်း ရှုစားကြရမည်ဖြစ်သည်။ (ကြေးမုံ)

ယခုသောကြာပတ် ရုံတင်ပြသမည့် ပြဒါးမှဲ့မှန် ဇာတ်ကားသစ်မှ သရုပ်ဆောင်နိုင်းနိုင်းနှင့် နန္ဒာလှိုင်တို့ကို တွေ့ရစဉ်။



နန်းတော်ရှေ့အကြို အလှူဈေးတော်
ကရဝိက်ဥယျာဉ်ကမ္ဘာ
၂၇-၁၂-၂၀၀၆ မှ ၃၀-၁၂-၂၀၀၆
SMART BUSINESS GROUP Ph: 01 538291, 095014706

မင်္ဂလာညည်ခံပွဲ ကျေးဇူးတင်လွှာ

ပခုက္ကူမြို့နယ်၊ ကမ္မ၊ မြဝတီရပ်နေ
ဦးစံသိန်း-ဒေါ်စိန်ကြည်တို့၏ သားလတ်၊
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းနေ

ဒေါက်တာမျိုးမြင့်ဦး
B.V.Sc, Dip. in English (SEAMEO- CHAT)

နှင့်

ပုသိမ်မြို့၊ စံစီဖိုးလမ်းနေ
ဦးစောသိန်းမောင်-ဒေါ်နော်ရှယ်ကျင်တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာနော်စီစီသိန်း
B.V.Sc, Dip. in English (SEAMEO-CHAT)

တို့၏ ၁၉-၁၂-၂၀၀၆ (ကရင်နှစ်သစ်ကူးနေ့)တွင် ကျင်းပခဲ့သော မင်္ဂလာညည်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ဝင်းအောင်(ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်)နှင့် ဇနီး ဒေါ်ဟေမာခင်မောင်သန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးမင်းဇေယျာလှိုင် (MD, Myanmar Mellinium Group Co., Ltd.) နှင့် ဇနီး ဒေါ်နွေနှောင်းခင်မောင်သန်းတို့အား လည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီး ခင်ကြူး (ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)နှင့် ဇနီး ဒေါ်မာမာလူနှင့် အသိမိတ်ဆွေများအားလည်းကောင်း၊ သတို့သားအရံ ဗိုလ်ကြီးမင်းဇင်ဦးနှင့် သတို့သမီးအရံ မခိုင်ဇင်ဝင်း၊ မင်္ဂလာပန်းခြင်းကိုင် မပွင့်သဉ္ဇာဇော်၊ မင်္ဂလာပန်းကြဲ မစောသန္တာမွန်၊ မင်္ဂလာပန်းကုံးကိုင် မခင်ပပဖြိုး၊ မင်္ဂလာလက်စွပ်ကိုင် မောင်စောရန်သိမ်းနှင့် မနော်ဟေမာန်ထွန်းတို့အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ The Aces တေးဂီတနှင့် တေးသံရှင်များ၊ ဓာတ်ပုံနှင့် ဗီဒီယို ဝဏ္ဏခွာနီး၊ မိတ်ကပ်အောင်ကျော်ထွန်းနှင့် Summit Park View Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် Dr. မျိုးမြင့်ဦး-Dr.နော်စီစီသိန်း

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ သာယာကုန်းလမ်း၊ အမှတ်(၅၈)နေ
(ဦးဘန်စွမ်း-ဒေါ်စန်းမြင့်)တို့၏ သားထွေး

မောင်အောင်လင်း B.A (Myanmar)

နှင့်

မြိတ်မြို့၊ နောက်လယ်ရပ်၊ (၁)လမ်းထိပ်၊ အမှတ်(၁)ဘောတံတားရှေ့၊
အမှတ်(၁)နေ
(ဦးထွန်းဝင်း)-ဒေါ်တင်တင်အေးတို့၏ ပထမသမီး

မမင်းမင်းသော်(ခ)ဝီဝီ (LL.B)

တို့သည် ၁၀-၁၂-၂၀၀၆ နေ့တွင် နှစ်ဖက်သောလူကြီးမိဘများ၏ရှေ့တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

မောင်အောင်လင်း-မမင်းမင်းသော်

အမြန်ရောင်းမည်။
စာသောက်ဆိုင် Beauty Salon နှင့် Showroom
[illegible]
[illegible]
ဆက်သွယ်ရန်ဖုန်း - 09-51-06423

မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် (၁၁)ကြိမ်မြောက် မိုးကုတ်ဝိပဿနာသင်တန်းကို ဓမ္မကထိက ဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များအား ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသယအတိုင်း ဒီဇင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်နာယူနိုင်သည်ဟုသိရသည်။(၂၃)

အိုတို အခေါက်ဝယ်သည်
ဖုန်း-၀၁-၃၉၂၆၈၂၊
၃၇၉၆၁၀

ထွန်းဖောင်ဒေးရှင်းဘဏ်
ပညာသင်ထောက်ပံ့ကြေးဆုချေး ယူခြင်း

[illegible]

စဉ်	ဘာသာရပ်အမည်	ချီးမြှင့်မည့် ကျောင်းသားဦးရေ	ကျောင်းသားတစ်ဦးအတွက် ထောက်ပံ့ကြေး
(၁)	ဆေးဘာသာတက္ကသိုလ်များ	(၁၅) ဦး	ကျပ် ၅၀,၀၀၀/-
(၂)	[illegible]	[illegible] ဦး	ကျပ် ၄၀,၀၀၀/-
(၃)	[illegible]	[illegible] ဦး	ကျပ် ၄၀,၀၀၀/-
(၄)	[illegible]	(၁၀) ဦး	ကျပ် ၃၀,၀၀၀/-
(၅)	[illegible]	[illegible] ဦး	ကျပ် ၃၀,၀၀၀/-
(၆)	[illegible]	[illegible] ဦး	ကျပ် ၃၀,၀၀၀/-

ပညာသင်ဆုချီးမြှင့်ရာတွင်

(၁) [illegible]
(၂) [illegible]
(၃) [illegible]
(၄) [illegible]
(၅) [illegible]

လျှောက်လွှာပုံစံနမူနာ

[illegible]

ဓာတ်ပုံ

(၁) လျှောက်ထားသူ၏အကြောင်းအရာ
(က) အမည်
(ခ) [illegible]
(ဂ) [illegible]
(ဃ) [illegible]
(င) [illegible]
(စ) [illegible]
(ဆ) [illegible]
(ဇ) [illegible]

(၂) [illegible]

	အမည်	[illegible]	[illegible]	[illegible]	[illegible]
(က) ဖခင်					
(ခ) မိခင်					
(ဂ) [illegible]					
(ဃ) [illegible]					

(၃) [illegible]

(လက်မှတ်)
အမည်

(၁) [illegible]
(၂) [illegible]
(၃) [illegible]
(၄) [illegible]
(၅) [illegible]
(၆) [illegible]
(၇) [illegible]
(၈) [illegible]

ထွန်းဖောင်ဒေးရှင်းဘဏ် (ရုံးချုပ်)
[illegible]

X'mas eve ပျော်ပွဲရွှင်ပွဲကြီး
LAZY CLUB
big bag
DJ - THAW THAW
4000-ks
NOBODY Latest Collection 2007 present by STARS & MODELS INT'L
24 - 12 - 2006 (Sun) 5:00 pm
KSL, Beauty Saloon, NOBODY, CONQUEROR, STARS & MODELS INT'L
UNCLE SAM(FM), Dagon, Yankin, Pearl,

KKG Restaurant
မြန်မာထမင်းဆိုင်
ရန်ကုန်-ပုသိမ် [illegible]
ဖုန်း ။ ၀၄၂-၂၅၁၉၀ ၊ ၀၄၂-၂၅၆၀၅
၀၉ ၅၂၀၀ ၇၈၈ ၊ ၀၉ ၅၂၀၀ ၉၅၃

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး

စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများအတွက် ချိပ်ပိတ်တင်ဒါများခေါ်ယူခြင်း

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အောက်ပါလုပ်ငန်းများအတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။ ချိပ်ပိတ်တင်ဒါပုံစံများကို ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကရုံးတွင် (၂၂-၁၂-၂၀၀၆)နေ့မှစ၍ ဝယ်ယူနိုင်ပါသည်။ ချိပ်ပိတ်တင်ဒါများကို ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးသို့ (၃၁-၁၂-၂၀၀၆)နေ့ ညနေ (၄း၀၀)နာရီနောက်ဆုံးထား တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

(၁) ၂"x၂" အရွယ် မျက်ပါးရွှေ (အရွက် ၁၀၀ ပါ) အဆိုင်း (၄၀၀၀) ဝယ်ယူလိုခြင်း။

(၂) စေတီတော်ကြီး၊အရံစေတီတော်များ၊မုခ်ဆောင်များ၊ ပုဂ္ဂိုလ်ထူးအဆောင်ပေါ်ရှိ စေတီ(၄)ဆူ ရွှေမိုက်ထုတ်လုပ်ငန်း။

(၃) စေတီတော်ကြီး၊အရံစေတီတော်များ၊ မုခ်ဆောင်များ၊ ပုဂ္ဂိုလ်ထူးအဆောင်ပေါ်ရှိ စေတီ(၄)ဆူ၊ (စေတီအသေး ၂၄ဆူမပါ)။ ရွှေချလုပ်ငန်း။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး
စတုတ္ထအကြိမ်ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီ
ဖုန်း-၀၁-၂၈၀၄၂၅

240860 / 372290
721735

"သန်လျင်-ကျောက်တန်း နန်းတော်ဦးဘုရားအတွက် အလှူငွေများ ပါဝင်လှူဒါန်းနိုင်ပါသည်"





U Hla Tun Hospice (Cancer) Foundation
(Knight)

LEO Computer & Digital Devices ICTဈေးပွဲတော် ၂၀၀၆ (၂၃ရက် မှ ၂၅ ရက်ထိ)
၃၅၅၊ အခန်း၁၀၅၊ ရွှေဂုံတိုင်၊ သိမ်ဖြူလမ်း၊ ရန်ကုန်။ Booth No. 14

Core™2 Duo (1.66GHz / 2MB L2 Cache), DDR2 1GB, 120GB 15.4"(1440x900)Ultra Sharp truelife Wide Screen, VGA 224MB, Bluetooth with Bluetooth Remote Control, DVD writer, Wi-Fi, LAN, modem, USB 4port, RS232 Video out, S-Video out, Genuine Windows® XP Media Center Edition (Media Direct), 5in1 Card Reader, IEEE 1394, 53WHr 6Cell Battry, (1490000)

Core™ Duo1.66GHz/2MB, RAM DDR2 1GB, 60GB HDD, DVD writer, WiFi, LAN, Modem, 5 in 1 Card Reader
Bag.(1090000)

Aspire 3680-2574 Celeron M 410 14.1" Crystal Brite 512MB, 60GB HDD 5in1 Card Reader
Bag.(880000)

လိပ်စာနှင့်ဖုန်းနံပါတ်ပြောင်းလဲခြင်း

သိရှိချောင်းသာကမ်းခြေဟိုတယ် မိတ်ဟောင်းမိတ်သစ်များခင်ဗျား-

၂၀-၁၂-၂၀၀၆ရက်မှစတင်၍ Hotel အခန်းများကိုကြိုတင် Reservation ပြုလုပ်လိုပါက အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

Yangon Sale & Reservation Centre

Nay Brothers Travel˚&˚Tours Co.,Ltd.

အမှတ် ၇၅(စီ)၊ ဗညားဒလလမ်း၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့(သျှင်ပါကူဆေးခန်းအား)၊ ဖုန်း-၀၁-၅၄၅၄၈၉၊ ၅၄၈၀၇၅၊ ၀၉-၅၀၁၂၇၀၇၊ ၀၉-၅၁၈၄၄၇၇၊ ၀၉-၅၀၀၂၁၀၁၊
Fax:၊ ၀၁-၅၄၁၇၁၆၊
e-mail:naybros˚@myanmar.com.mm

ဆရာမြလှ နှင့် ဂြိုဟ်တု တိဂွ ချိန်နည်းလမ်းညွှန်
ထွက်ပြီ

အရှင်ဇေယျာနန္ဒ၏ တရားပွဲများ

ရန်ကုန် ဒီဇင်ဘာ ၂၀

မဟာစည် အပြည်ပြည်ဆိုင်ရာ ဓမ္မကထိက သာသနဓဇမ္မော်စရိယ ရှင်ဇေယျာနန္ဒ အရှင်သူမြတ်သည် ဒီဇင်ဘာ ၂၂ ရက်တွင် ပဲခူးတိုင်း အိုးသည်ကုန်းမြို့ အခြေခံပညာ အထက်တန်း ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအတွက် လူငယ်အသိပညာပေး တရားပွဲဓမ္မပူဇာသဘင်၊ ဒီဇင်ဘာ ၂၃ ရက် ည ၇ နာရီတွင် အလှူရှင် ဦးဉာဏ်တင်-ဒေါ်ခင်ငြိမ်း သားသမီး မြေးမြစ်တစ်စုတို့၏ ဆုတောင်းပြည့် ပေါ်တော်မူစေတီတော် ထီးတော်တင်လှူပွဲအကြို ဓမ္မပူဇာသဘင်၊ဒီဇင်ဘာ ၂၄ ရက် ည ၇ နာရီတွင် ထီးတော်တင်လှူပွဲ ဓမ္မပူဇာသဘင်နှင့် ဒီဇင်ဘာ ၂၅ ရက် နံနက်၁၀နာရီတွင် ထီးတော်တင်လှူပွဲ အလှူတော်မင်္ဂလာ ရေစက်ချပွဲ ဓမ္မပူဇာသဘင်တို့တွင် တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

ဦးအောင်ကျော်ဆန်း[၅/စကန(နိုင်)၀၀၃၈၂၃] မန်နေဂျင်းဒါရိုက်တာရဲမွန်ဆောက်လုပ်ရေးကုမ္ပဏီအား အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၉၀-အေ/ဘီ)ရှိ TMW Enterprise Ltd.၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ကျော်ဆန်းသည် TMW Enterprise Ltd. မှ တင်သွင်းသော ကက်ဆက်တိပ်ခွေများကို ဝယ်ယူသွားပြီး တန်ဖိုးငွေများအားလုံးကိုအရစ်ကျပေးချေရန်အတွက် နှစ်ဖက်သဘောတူစာချုပ်ခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း ဦးအောင်ကျော်ဆန်းသည် TMW Enterprise Ltd. သို့ သတ်မှတ်နေ့ရက်များကျော်လွန်သွားသည့်တိုင်အောင် ပေးချေရန်ပျက်ကွက်လျက်ရှိနေခဲ့ပါသည်။

ဦးအောင်ကျော်ဆန်းအား အကြိမ်ကြိမ်ခေါ်ယူဆွေးနွေးညှိနှိုင်းရာ ပေးချေရန်ကျန်ငွေများအားလုံးအနက် တစ်စိတ်တစ်ဒေသကိုသာ ပေးချေသွားနိုင်ခဲ့ပြီး ငွေကျပ် ၇၀၀၀၀၀၀/-(ကျပ်ခုနစ်ဆယ်သိန်းတိတိ)ပေးသွင်းရန် ကျန်ရှိနေခဲ့ပါသည်။

ထိုသို့ကျန်ရှိငွေကျပ်၇၀၀၀၀၀၀/-(ကျပ်ခုနစ်ဆယ်သိန်းတိတိ)အနက် ငွေကျပ်၃၅၀၀၀၀၀/-(ကျပ်သုံးဆယ့်ငါးသိန်းတိတိ)ကို ၂၀-၅-၂၀၀၅ နေ့တွင်လည်းကောင်း၊ ကျန်ငွေကျပ်၃၅၀၀၀၀၀-(ကျပ်သုံးဆယ့်ငါးသိန်းတိတိ)ကို၃၀-၆-၂၀၀၅ နေ့တွင်လည်းကောင်းပေးချေရန် သဘောတူညီချက်စာချုပ်အား ဦးအောင်ကျော်ဆန်းကိုယ်တိုင် TMW Enterprise Ltd. ရုံးခန်း၌ ၁၀-၅-၂၀၀၅ နေ့တွင် ချုပ်ဆိုသဘောတူထားသော်လည်း ယနေ့တိုင် လာရောက်ပေးသွင်းခြင်းမရှိသည့်အပြင် ဆက်သွယ်မှုပြုလုပ်ရာတွင်လည်း သေချာတိကျသောအဖြေကို မပေးနိုင်ခြင်း၊ တမင်ရှောင်ဖယ်မှုများပြုလုပ်နေခြင်း၊ စာချုပ်ပါသတ်မှတ်ရက်မှ ယနေ့ထိတိုင်အောင် မည်သည့်ငွေကြေးမှ လာရောက်ပေးသွင်းခြင်းမရှိသည့်အတွက် TMW Enterprise Ltd.သည် ဦးအောင်ကျော်ဆန်းအပေါ် သည်းခံမှုအတိုင်းအတာ ကုန်ဆုံးသွားပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးအောင်ကျော်ဆန်းသည် အဆိုပါငွေများအားလုံးကို ဤကြေညာသည့်နေ့မှ (၉)ရက်အတွင်း တစ်လုံးတစ်ခဲတည်း TMW Enterprise Ltd. ရုံးခန်းသို့ လာရောက်ပေးသွင်းပါရန်နှင့် အကယ်၍ပေးသွင်းရန်ပျက်ကွက်ပါက တစ်စုံတစ်ရာ ထပ်မံအကြောင်းမကြားဘဲ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

Tun Tun Aye
No.20654
LL.B, H.G.P

မွေးနေ့ဆုတောင်း

သီဟသုဓမ္မ မဏိဇောတဓရ ဦးဘခန့် "ရွှေ" အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ၏

ဒီဇင်ဘာလ (၂၁)ရက် ကြာသပတေးနေ့တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် အောင်မြင်ပျော်ရွှင်သော မွေးနေ့ပေါင်းများစွာကို ဆက်လက်၍ ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

ချစ်ဇနီး	-	ဒေါ်ခင်ရွှေ
သား	-	ကိုကျော်မျိုးခန့်-မမြင့်သန္တာအောင်
မြေး	-	မဆုရတီထက် "ရွှေစင်မေ"မီနီမတ်ကက်
သား	-	ကိုကျော်သူ-မဝင်းရွှေစင်မျိုး
မြေး	-	မောင်ခန့်သူဟိန်း "ပြည်လုံးကျော်"အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့၊ ပေါက်နေရပ်ကွက်နေ (ဦးတွမ်မြင့်ဖုန်)-ဒေါ်လီဆိုင်းဝင်တို့၏သား၊
ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်အပိုင်း(၁)၊ (၂၃)ရပ်ကွက်၊ ကျိုင်းတုံလမ်း၊ အမှတ်(၄၇၀/က-၁)၊ ရှင်းဆန်စက်နှင့် အမှတ်(၄၉၉) ဒီ-၄၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ ဦးစိုးအောင်-ဒေါ်ကျော့ကျော့ခိုင်၊ ဦးထိန်ဝင်း-ဒေါ်လီရင်သျှမ်းတို့၏အစ်ကို
မောင်ကျော်လှ (M.D)
Star of Bagan, Travels and Tours Co.,Ltd.
နှင့်
ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ စက်မှုရိပ်သာ၊ တိုက်(၁၅)၊ အခန်း(၁၅)နေ ဦးဇော်မင်း(တရားရုံးချုပ်ရှေ့နေ)-ဒေါ်ခင်မြင့်နိုင်နှင့် (၇)ရပ်ကွက်၊ ပဏ္ဍိတလမ်း၊ အမှတ်(၁၁-E) နေ၊ Captain ဦးခင်မောင်ဝင်း-ဒေါက်တာ စန်းရည်ရည်ဆွေတို့၏ တစ်ဦးတည်းသောသမီးငယ်
မစန္ဒီမင်းနိုင် (B.A, Eco)
Diploma in ICT(YU), Diploma in Electronic (YU)
တို့သည် ၁၇-၁၂-၂၀၀၆ရက် (တနင်္ဂနွေနေ့)တွင် ပဏ္ဍိတလမ်းနေအိမ်၌ နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘဆွေမျိုးများနှင့် မောင်ကျော်လှ-မစန္ဒီမင်းနိုင်

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ဖြည့်စွက်ဖတ်ရှုပါရန်

၂၁-၁၂-၂၀၀၆ရက် ကြေးမုံစာမျက်နှာ ၁၇ပါ အရှေ့ပိုင်းခရိုင် တရားရုံး၏ ရောင်းရန်ကြော်ငြာတွင် လေလံတင်ရောင်းချမည့်နေ့မှာ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂၃ ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ဒေါ်ခင်နှင်းဦး(တ/၁၆၀၆)
ဒုတိယခရိုင်တရားသူကြီး(၂)
အရှေ့ပိုင်းခရိုင်တရားရုံး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သီရိလင်္ကာဝန်ကြီးချုပ် ခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

နေပြည်တော်　ဒီဇင်ဘာ　၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ အလုပ်သဘောခရီးလည်ပတ်ရန် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ်ခရမ် မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာ သီရိဝစ်ခရမ် မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

ကြိုဆို နှုတ်ဆက်

နိုင် ငံ တော် ဝန် ကြီး ချုပ် ဗိုလ် ချုပ် ကြီး စိုးဝင်း သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သ မ္မ တ နိုင် ငံ ဝန် ကြီး ချုပ် မစ္စတာ ရတနာ သီရိဝစ်ခရမ် မာနာရာကာ အား နေ ပြည် တော် လေ ဆိပ် တွင် ကြိုဆို နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ်တို့ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာရေးဆွေးနွေးကာ အမြင်ချင်းဖလှယ်

နေပြည်တော်　ဒီဇင်ဘာ　၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာ သီရိဝစ်ခရမ် မာနာရာကာတို့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဌေးတို့ တက်ရောက်ကြပြီး ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ်ခရမ် မာနာရာကာနှင့်အတူ Secretary to the Prime Minister, Mr. Mahinda Bandusena ၊ Ministry of Foreign Affairs, Additional Secretary, Mr. Karunatilaka Amunugama ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A. D. Samarasekera နှင့် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ်ခရမ် မာနာရာကာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးတို့အတွက် ခင်မင်ရင်းနှီးစွာဆွေးနွေးကာ အမြင်ချင်းဖလှယ်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံ ဆွေးနွေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာ သီရိဝစ်ခရမ် မာနာရာကာတို့ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)